# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၀၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာဘရှေ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာ ဆရာမများ၊ ပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### သဝဏ်လွှာဖတ်ကြား

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက ဖတ်ကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။


**ယနေ့ ဖတ် စ ရာ**

**နိုင်ငံ့အရေးအတွက် နိုင်ငံရေးပြဿနာ နိုင်ငံရေးနည်းလမ်းဖြင့်သာ အဖြေရှာ** ဆောင်းပါး စာ ၆

**နေပြည်တော်ရဲ့ အထင်ကရလည်ပတ်စရာ လှေခွင်းတောင်ပေါ်ဘုရားဆီ** ရွှေနိုင်ငံမြင်ကွင်းကျယ် စာ ၁၈

**မွန်မြတ်သည့် ပရဟိတစိတ်ထားများဖြင့် အခက်အခဲကို ကျော်လွှား** ဆောင်းပါး စာ ၂၄




### လေဖိအားနည်းရပ်ဝန်းအားလျော့ပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၅

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းရိုးတန်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားပြီ ဖြစ်သည်။

မိုး/ဇလ


ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၆) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရှေ့ဖုံးမှ

ထို့နောက် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် "ဆရာ့အသံများကို အလေးထားခြင်း" ဆောင်ပုဒ်ဖြင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သောစုပေါင်းသဝဏ်လွှာကို ဖတ်ကြားခြင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ကြသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန်ဆရာ ဆရာမများ၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



ဆက်လက်၍ ရက္ခဗေဒဌာနမှ အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၂ ဦး၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာမြင့်ဆွေနှင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာကြီး ဒေါက်တာမောင်ကျော်တို့ကို ဂါရဝပြု ကန်တော့ကြရာ ဆရာကြီး ဆရာမကြီးများကိုယ်စား မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာဦးဝင်းနှင့် ဒေါက်တာ မောင်ကျော်တို့က ဩဝါဒစကား ပြောကြားကြသည်။

**နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဖတ်ကြားစဉ်။**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ကျင်းပရာ ဟားခါးပညာရေးကောလိပ်မှ ဆရာ ဆရာမများက "မြတ်ဆရာ" သီချင်းသီဆို၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏အဖွဲ့ခေါင်းဆောင်များက ပေးပို့လာသော စုပေါင်းသဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကဗျာ၊ စာစီစာကုံးဗဟိုအဆင့်နှင့်တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ ဗဟိုအဆင့်ပထမဆု၊ သင်တန်းသားစံပြဆု၊ သင်တန်းသူအဆောင်ဆု၊ သင်တန်းသူ စံပြဆုရရှိကြသော ဆရာမများနှင့် ဆရာတို့အား လည်းကောင်း၊ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်အဖြစ် ရွေးချယ်ခံရသည့် ပုဂ္ဂိုလ်များအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကြပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းသိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရေဘေးရှောင် ဆရာတော်သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သရက်တောပရိယတ္တိစာသင်တိုက်၌ ရေဘေးရှောင်နေသော ဘုန်းတော်ကြီးကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၂၆ ကျောင်းမှ ဆရာတော်သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက သရက်တောပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် သရက်တောပရိယတ္တိစာသင်တိုက်ပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရေဘေးရှောင်ကျောင်းတိုက်များမှ ဆရာတော်ကြီးများကို သင်္ကန်း၊ လှူဖွယ်ဝတ္ထုများနှင့် အရှင်ဂဝမ္ပတိမထေရ်စာအုပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

**အနုမောဒနာတရားနာကြား**

ထို့နောက် လယ်ဝေးမြို့ သရက်တောပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စေတနာရှင် ရဟန်းရှင်လူများက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်းရှိ သရက်တော ပရိယတ္တိစာသင်တိုက်နှင့်ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်း ၂၆ ကျောင်းအတွက် သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၅၆ သိန်း ၅ သောင်း ထောက်ပံ့လှူဒါန်းခဲ့ကြောင်းနှင့် ယနေ့အချိန်အထိ ရေဘေးရှောင်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းစုစုပေါင်း ၁၇၆ ကျောင်းအတွက် ဝတ္ထုငွေကျပ် ၄၀၃ သိန်း၊ သင်္ကန်း ၁၃၁၃ စုံ၊ ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော် ၇၀၂ ဆူ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ တဘက်၊ ဆပ်ပြာမှုန့် စသည့်ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ရေဘေးသင့်ပြည်သူများအား အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းဆေးကုသပေးနေမှု ကြည့်ရှုအားပေးပြီး စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော် လယ်ဝေးမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ခဲ့သည့်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများ ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာအုပ်စု ကွမ်းခြံကျေးရွာ ကွင်းအမှတ် (၁၇၃၂) စိုက်ခင်း၌ ကျင်းပသည်။



အဆိုပါသရုပ်ပြပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်ကြည့်ရှုအားပေးပြီး စပါးခင်းများ ပြန်လည်ကုစားရန်အတွက် နိုင်ငံတော်မှ တောင်သူများအတွက် လိုအပ်သည့် သွင်းအားစုများ ထောက်ပံ့ပေးခြင်းဖြင့် စပါးအထွက်နှုန်းများ မလျော့ကျစေရေး ဆောင်ရွက်ပေးနေမှု၊ ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများ အမြန်စိုက်ပျိုးလုပ်ကိုင်နိုင်ရေး မြေပြုပြင်ပေးခြင်း၊ မျိုးစေ့များ ထောက်ပံ့ပေးခြင်းနှင့် သွင်းအားစုများ လက်ဝယ်အရောက်ရရှိရေး ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ထိခိုက်ခဲ့သည့် စပါးခင်းများအတွက် သွင်းအားစု ဓာတ်မြေဩဇာများနှင့် ဂျစ်ပဆမ်ကျောက်မှုန့် မြေဩဇာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာ အောင်ဇမ္ဗူကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများအား အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေးနေမှုအခြေအနေကို သွားရောက်ကြည့်ရှု အားပေး (ဝဲပုံ) ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်ဇမ္ဗူကျောင်းတိုက်ဆရာတော်နှင့် နန္ဒင်းအိုင်ကျောင်းတိုက် ဆရာတော်တို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြား၍ စားသောက်ကုန်ပစ္စည်းများနှင့် ထမင်းဘူးများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သီးနှံတစ်ကေ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အသားတင် အကျိုးအမြတ်စာရင်း ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းနှင့်ပတ်သက်၍ အသိပညာပေးအလုပ်ရုံ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**

သီးနှံတစ်ကေ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အသားတင် အကျိုးအမြတ်စာရင်း ကွင်းဆင်းစစ်တမ်း ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းနှင့်ပတ်သက်၍ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားခရိုင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြေမျိုးအလိုက် မြေခွန်နှုန်းထားခွဲခြားသတ်မှတ်ခြင်းကို အသားတင် အကျိုးအမြတ်ရရှိသည့် အခြေအနေပေါ်တွင် အခြေခံ၍ တွက်ချက်ဆောင်ရွက်ရေး၊ တောင်သူများ၏ လူမှုစီးပွားရေးအခြေအနေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသတင်းအချက်အလက်များ ဖော်ထုတ်ဖြန့်ဝေပေးရေး၊ တစ်ဧကကုန်ကျစရိတ်နှင့် အသားတင်အကျိုးအမြတ်စာရင်းများ စစ်တမ်းကောက်ယူရာတွင် တစ်ပြေးညီဖြစ်စေရေး၊ စိုက်ဧရိယာ၊ အထွက်နှုန်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်၊ အထွက်တန်ဖိုးနှင့် အသားတင်အကျိုးအမြတ်များ တွက်ချက်ခြင်း စသည့်ကိစ္စရပ်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## လယ်ဝေးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ကျေးလက်လမ်းများအား ပြန်လည်ပြုပြင်

**လယ်ဝေး အောက်တိုဘာ ၅**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း စစ်တောင်းမြစ်ရေဝင်ရောက်မှုကြောင့် ကျေးရွာများသို့ ဆက်သွယ်ထားသည့် လမ်းအချို့ ရေတိုက်စား၍ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ရုံးပင်-အေးချမ်းသာကျေးရွာချင်းဆက်လမ်းရေတိုက်စားသွားရာ ၎င်းနေရာတွင် အစားထိုးဖောက်လုပ်မည့် အရှည် ပေ ၂၀၀၀၊ အကျယ် ၃၈ ပေရှိ ယာယီလမ်းလွှဲနေရာ လမ်းအူကြောင်းတိုင်အမှတ်အသား စိုက်ထူထားရှိပြီးဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထို့အတူ ကွမ်းခြံ -လက်ပံခုန် ကျေးရွာချင်းဆက်လမ်း ရေတိုက်စားသွားသောနေရာ အစားထိုးပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ယမန်နေ့က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် အောက်တိုဘာ ၅**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော် (၂) ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်း၊ ဓာတ်အားလိုင်းအူကြောင်း ပြောင်းလဲတည်ဆောက်ခြင်းနှင့် ၂၃၀ ကေဗွီ သာစည် - ရွှေမြို့ ဓာတ်အားလိုင်း ပြုပြင်တည်ဆောက် ပြီးစီး၍ ဓာတ်အားပြန်လည်ပို့လွှတ်ထားမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ်အတွင်း ၂၃၀ ကေဗွီ ရွှေမြို့ - နေပြည်တော် (၂) ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဖောင်ဒေးရှင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ တာဝါတိုင်များစိုက်ထူနိုင်ရန် တာဝါသံပေါင်များ တပ်ဆင်တည်ဆောက်နေမှုနှင့် ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဓာတ်အားအမြန် ပို့လွှတ်နိုင်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်း ပြည့်မီရေးနှင့် သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ်ရှိ ၂၃၀ ကေဗွီ သာစည် - ရွှေမြို့ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ဓာတ်အားပြန်လည်ပို့လွှတ်ထားမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)သို့ ယာယီဓာတ်အားလိုင်း တည်ဆောက်ပြီး ဓာတ်အားဖြန့်ဖြူးပေးထားမှုနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း ပြန်လည်ပြုပြင် တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုးပမ်းဆောင်ရွက်**

နေပြည်တော် ကောင်စီနယ်မြေအတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော် (၂) ဓာတ်အားလိုင်းရှိ တာဝါတိုင်လေးတိုင်နှင့် ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ဓာတ်အားလိုင်းရှိ တာဝါတိုင် ငါးတိုင် ပြိုလဲပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ၂၃၀ ကေဗွီ သာစည်- ရွှေမြို့ ဓာတ်အားလိုင်းရှိ တာဝါတိုင်များ တည်ဆောက်ပြီးစီး၍ ဓာတ်အား ပြန်လည်ပို့လွှတ် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ၂၃၀ ကေဗွီ ရွှေမြို့ - နေပြည်တော် (၂) ဓာတ်အားလိုင်းရှိ တာဝါတိုင်များ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်အတွင်း ပြီးစီးနိုင်ရေးနှင့် ဓာတ်အားအမြန်ပို့လွှတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ အသားကဏ္ဍတိုးချဲ့မွေးမြူနိုင်ရေးနှင့် အဆင့်မြင့်ကုန်ချောများထုတ်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ အသားကဏ္ဍတိုးချဲ့မွေးမြူနိုင်ရေးနှင့် အဆင့်မြင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် လယ်ဝေးမြို့နယ် ရသေ့တောင်ကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးမျိုးသူရ၏ အသားတိုးကြက်နှင့် အသားတိုးဝက်မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုပြီး လုပ်ငန်းရှင်များ၊ မွေးမြူရေးကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ တိရစ္ဆာန်ကူးစက်ရောဂါများ ထိရောက်စွာကာကွယ်ပေးနိုင်ရေး၊ ရာသီဥတုပြောင်းလဲသက်ရောက်မှုဒဏ် ကြံ့ကြံ့ခံနိုင်ရေး၊ တိရစ္ဆာန်အစာဖြည့်ဆည်းပေးနိုင်မှုနှင့် တိရစ္ဆာန်အညစ်အကြေးမှ သဘာဝမြေဩဇာအဖြစ် အသုံးပြုမှုများပါဝင်သည့် လှည့်ပတ်သုံးစွဲခြင်းနည်းစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ဖေလာရွာသစ်ရှိ ဦးဇော်မိုက်၏ အသားခြောက်စက်ရုံနှင့် ဒက္ခိဏသီရိမြို့နယ် Dakhina Meat Exprot Company Limited Food Processing Plant (မွေးမြူရေးတန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်း)စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသားကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရေး၊ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရေးနှင့် ခိုင်မာသောဈေးကွက်ဖော်ဆောင်ပေးနိုင်ရေးအတွက် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ် ရေဆင်း၌ မွေးမြူရေးသုတေသနဦးစီးဌာန၏ ဆောင်ရွက်ပြီးသုတေသနလုပ်ငန်းများနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် သုတေသနဆိုင်ရာလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပညာပေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ဟားခါးမြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဟားခါး အောက်တိုဘာ ၅**

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ဟားခါးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် ဖျော်ဖြေကြပြီးနောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ကိုယ်စား လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအားလည်းကောင်း၊ ချင်းပြည်နယ် ပညာရေးမှူး ဦးဘီကူးဒူကက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သည့် စုပေါင်းသဝဏ်လွှာအားလည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် အသက် ၇၀ နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှ၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင်နှင့် ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာနွယ်သင်းနီတို့က ဂါရဝပြုကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် အသက် ၇၀ နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကာ အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၅**

မုတ်သုံလေ ဖွယ်ရာမိုးရေချိန်များမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# နိုင်ငံ့အရေးအတွက် နိုင်ငံရေးပြဿနာ နိုင်ငံရေးနည်းလမ်းဖြင့်သာ အဖြေရှာ

**ဆွမ်းချိုင့်လေးကလည်း ဖရိုဖရဲ၊ အဖေဖြစ်သူနှင့် လေးနှစ်အရွယ် သမီးငယ်တို့မှာလည်း သွေးအိုင်ထဲပြိုလဲ၍ သေပွဲဝင်နေပုံမြင်ကွင်းက ဝမ်းနည်းကြေကွဲစရာပင်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ငဖဲမြို့နယ် ဂုတ်ကြီးကျေးရွာမှ သားအဖနှစ်ဦး ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်သွားပို့စဉ် အကြမ်းဖက် PDF များက လေးနှစ်အရွယ် ကလေးပါမကျန် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြခြင်းဖြစ်သည်။**

ငြိမ်းချမ်းအောင်

■ **ငြိမ်းချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူလူထုနှင့် နိုင်ငံ့အရေးနှင့် နိုင်ငံရေးကို ခွဲခွဲခြားခြား ရှုမြင်သဘောပေါက်ခဲ့ကြသော တာဝန်သိနိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့အစည်းများအပါအဝင် ငြိမ်းချမ်းရေးနှင့် လူမှုဘဝတည်ငြိမ်အေးချမ်းရေးကို လိုလားသူတိုင်းက အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြသည်။ သို့ရာတွင် နိုင်ငံကြီးအချို့နှင့် ပြည်တွင်း ပြည်ပ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့ကမူ တာဝန်မဲ့စွာ နှုတ်ဆိတ်လျက်ရှိသည်။ ထိုသို့ နှုတ်ဆိတ်ငြိမ်သက်နေမှုများက အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်ကို သွယ်ဝိုက်အားပေးထောက်ခံသည့်သဘော သက်ဝင်နေသလို အနာဂတ်ကာလတွင်လည်း အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်ကို ဖိတ်ခေါ်နေခြင်းဖြစ်သည်ဟု ဆိုလိုရာရောက်နေပေသည်**

စက်တင်ဘာလ ၃၀ ရက်နေ့တွင်လည်း ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်းကျေးရွာနှင့် စက်ဆန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများအတွင်း ရေဘေးအလှူအတွက်ဟုဆိုကာ ပေးပို့ထားသော ဆန်အိတ်များအတွင်းမှ ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ရာ အပြစ်မဲ့ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

PDF များ၏ ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စက်တင်ဘာလ ၂၇ ရက်နေ့အထိ နိုင်ငံတစ်ဝန်းတွင် ပညာရေးဝန်ထမ်းဆရာ ဆရာမ ၇၅ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ ရဟန်းသံဃာ ၈၄ ပါးအပါအဝင် အပြစ်မဲ့ပြည်သူ ၆၇၀၀ ကျော် သေဆုံးခဲ့ကြောင်း နိုင်ငံတော်အစိုးရ၏ သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။ ထို့ပြင် ဗုံးဖောက်ခွဲမှု ၉၀၀၀ ကျော်နှင့် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဘဏ်များ၊ လူနေအိမ်များအပါအဝင် အခြေခံအဆောက်အအုံ မီးရှို့ဖျက်ဆီးခဲ့မှု ၁၃၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

ထို့အတူ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့်လည်း မြို့ရွာများအတွင်း ရှေ့တိုက်ဒုံးဖြင့် ရမ်းသန်းပစ်ခတ်ခြင်း၊ ၎င်းတို့ အခမ့ဝင်ရောက်နေထိုင်သည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

အကြမ်းဖက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့အချို့သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုအရေးဟု အကြောင်းပြကာ တဖွဖွကြွေးကြော်လျက်ရှိသော်လည်း စင်စစ်အားဖြင့်မူ ၎င်းတို့၏ လမ်းစဉ်သည် အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်များသာ ဖြစ်သည်။

**အကြမ်းဖက်လုပ်ရပ်ကို ဖိတ်ခေါ်ရာရောက်**

**ငြိမ်းချမ်းစွာနေထိုင်လိုကြသည့် ပြည်သူလူထုနှင့် နိုင်ငံ့အရေးနှင့် နိုင်ငံရေးကို ခွဲခွဲခြားခြား ရှုမြင်သဘောပေါက်ခဲ့ကြသော တာဝန်သိနိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့အစည်းများအပါအဝင် ငြိမ်းချမ်းရေးနှင့် လူမှုဘဝတည်ငြိမ်အေးချမ်းရေးကို လိုလားသူတိုင်းက အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြသည်။ သို့ရာတွင် နိုင်ငံကြီးအချို့နှင့် ပြည်တွင်း ပြည်ပ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့ကမူ တာဝန်မဲ့စွာ နှုတ်ဆိတ်လျက်ရှိသည်။ ထိုသို့ နှုတ်ဆိတ်ငြိမ်သက်နေမှုများက အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်ကို သွယ်ဝိုက်အားပေးထောက်ခံသည့် သဘောသက်ဝင်နေသလို အနာဂတ်ကာလတွင်လည်း အကြမ်းဖက်လမ်းစဉ်နှင့် အကြမ်းဖက်လုပ်ရပ်ကို ဖိတ်ခေါ်နေခြင်းဖြစ်သည်ဟု ဆိုလိုရာရောက်နေပေသည်။**

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်သည့် နည်းလမ်းကို ရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနစ်နာမှုများစွာဖြစ်ပေါ်ခဲ့ရသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အဟန့်အတားဖြစ်ခဲ့ရသည်။

သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စက်တင်ဘာလ ၂၆ ရက် ရက်စွဲဖြင့် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များ အနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအပေါ် နိုင်ငံရေး ၂၆ ပါတီနှင့် အဖွဲ့အစည်းအသီးသီးမှ သဘောထားအမြင်များ ထုတ်ပြန်၍ အပြည့်အဝ ကြိုဆိုထောက်ခံခဲ့ကြပါသည်။ ယာယီနေရပ်စွန့်ခွာနေရသူများနှင့် ငြိမ်းချမ်းရေးကို လိုလားသူ တိုင်းရင်းသားပြည်သူအပေါင်းကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုထောက်ခံ၍ မျှော်လင့်လျက်ရှိကြသည်။

သို့ရာတွင် နိုင်ငံတော်ကိုဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင် EAO အဖွဲ့အချို့၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများနှင့် အကြမ်းဖက် PDF အဖွဲ့အချို့တို့ကမူ နိုင်ငံတော်၏ ဖိတ်ခေါ်ကမ်းလှမ်းမှုကို တလွဲရှုမြင်သုံးသပ်ကာ လတ်တလောတုံ့ပြန်ပြောဆိုရာတွင် အပြုသဘောဆောင်သည့် သဘောလက္ခဏာများကို မတွေ့ရှိခဲ့ရချေ။ ထုံးစံအတိုင်း နှစ်ပေါင်း ၇၀ ကျော်ကြာ စစ်အာဏာရှင်စနစ်ကျဆုံးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ဖျက်သိမ်းရေးနှင့် အသစ်ပြန်လည်ရေးဆွဲရေး စသည်ဖြင့် လက်ညှိုးထိုးဝေဖန်ပြောဆိုနေဆဲပင်။ တစ်နည်းအားဖြင့် တစ်ချိန်က ဗမာပြည်ကွန်မြူနစ်ပါတီ တရားသေကိုင်စွဲခဲ့သော စေ့စပ်ဆွေးနွေးရေးကို မလိုလား၊ အပြုတ်တိုက်ရေးဝါဒလမ်းစဉ်သဘောမျိုး ဖြစ်နေသည်။

အမှန်စင်စစ် ၎င်းတို့၏ တုံ့ပြန်ပြောဆိုမှုများသည် သမိုင်းနှင့်မလျော်ညီ၊ မအပ်စပ်၊ သမိုင်းနောက်ခံနှင့် သွေဖည်လျက်ရှိပြီး ဆင်သေကို ဆိတ်သားရေနှင့် ဖုံးသလို လိုရာပုံဖော် ဖန်တီးပြောဆိုမှုများသာဖြစ်သည်။

သမိုင်းနောက်ခံ အချက်အလက်များအရဆိုရပါမူ ကရင်အမျိုးသားအစည်းအရုံး (KNU)သည် မြန်မာပြည်လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီအစိုးရခေတ်ကာလ ၁၉၄၈ ခုနှစ် ဇူလိုင်လမှစ၍ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော KNDO တပ်များ တပ်စွဲထားရာ မြို့ရွာများ၌ ဆူပူသောင်းကျန်းမှုကို စတင်လာခဲ့ကြခြင်းဖြစ်သည်။ သခင်နုခေါင်းဆောင်သော ဖဆပလအစိုးရက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် လိုက်လျောမှုများစွာဖြင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေး အဖြေရှာခဲ့ပါသော်လည်း KNU အဖွဲ့သည် ၁၉၄၉ ခုနှစ် ဇန်နဝါရီလမှစ၍ အင်းစိန်မြို့ကို စီးနင်းသိမ်းပိုက်ကာ လက်နက်ကိုင်လမ်းစဉ်ကို အတိအလင်း စတင်ဖော်ဆောင်ခဲ့ခြင်းသာဖြစ်ပေသည်။

**သမိုင်း၏ ဆိုးမွေများကို ဆက်ခံဖြေရှင်းနေရ**

ထို့အတူ ၁၉၆၀ ပြည့်နှစ်တွင် ဦးနုခေါင်းဆောင်သော ပထစအစိုးရက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဖြင့် ပြဋ္ဌာန်းလိုက်ခြင်းကို အကြောင်းပြု၍ အချုပ်အခြာအာဏာပိုင်သည့် သီးခြားလွတ်လပ်သော ကချင်သမ္မတနိုင်ငံ ထူထောင်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၆၁ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကွတ်ခိုင်နယ်မြေ၌ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)ကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပေသည်။ စင်စစ်အားဖြင့်မူ အတိတ်ကာလကတည်းက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ကိုသာရွေးချယ်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ သမိုင်း၏ ဆိုးမွေများကို လက်ရှိနိုင်ငံတော်အစိုးရအပါအဝင် ခေတ်အဆက်ဆက် အစိုးရတိုင်းက ဆက်ခံဖြေရှင်းနေရခြင်းဖြစ်သည်။

ထို့အတူ ၎င်းတို့ ယခုမှ လက်ညှိုးထိုးဝေဖန်ပြီး ဖျက်သိမ်းရန်၊ အသစ်ပြန်လည်ရေးဆွဲရန် တောင်းဆိုနေသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရပင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ပေါ်ပေါက်လာကာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့နှင့်အတူ ဒီမိုကရေစီအစိုးရနှစ်ဆက်တိုင် ဖြစ်တည်လာခဲ့ခြင်းဖြစ်သည်။

ပထမဒီမိုကရေစီအစိုးရသက်တမ်းကာလတွင် သမ္မတ ဦးသိန်းစိန်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အတိုက်အခံ NLD ပါတီကိုလည်း လွှတ်တော်နိုင်ငံရေးတွင် ပါဝင်နိုင်ရန် လမ်းဖွင့်ပေးခဲ့သည်။ သမ္မတ ဦးသိန်းစိန်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် အမေရိကန်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း လှိုက်လှိုက်လှဲလှဲ ထောက်ခံအားပေးခဲ့ကြသည်။

ထို့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှု ထုတ်ပြန်ချက်နှင့်အတူ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့နှင့် ညှိနှိုင်းရေးဆွဲခဲ့ပြီး အားလုံး၏ သဘောတူညီမှုဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အချောသပ်နိုင်ခဲ့သည်။ ထိုမှတစ်ဆင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နှင့် NCA သဘောတူစာချုပ်တွင် သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

NCA စာချုပ်ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်း အသိသက်သေများ ရှေ့မှောက်တွင်

*စာမျက်နှာ ၇ သို့*

# ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ကမ္ဘာ့ဆရာများနေ့ ဆရာကြီး ဆရာမကြီးများအား ဂါရဝပြု

**မြစ်ကြီးနား အောက်တိုဘာ ၅**

'ဆရာ့အသံများကို အလေးထားခြင်း' ဟူသည့် ဆောင်ပုဒ်ဖြင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ရေခရပ်ကွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ



အေးမြသီတာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကိုဖတ်ကြားသည်။ ယင်းနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ပညာရေးမှူးတို့က ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့်ဆောင်းပါး ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အသက် ၇၀ နှင့်အထက် ဆရာကြီး ဆရာမကြီးများအား ဂါရဝပြုပူဇော်ကန်တော့ပြီး တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ ထောက်ပံ့ပေးအပ်သည်။ (ဓာတ်ပုံ)

ဆက်လက်၍ မြတ်ပါရမီကိုယ်ပိုင်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးက "မြတ်ဆရာ" ဂုဏ်ပြုတေးသီချင်းဖြင့်သီဆိုဖျော်ဖြေပေးသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ စုပေါင်းကာ အောင်နန်းရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းဝင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပေါင်းတည်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြတ်ဆရာပူဇော်

**ပေါင်းတည် အောက်တိုဘာ ၅**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးသန်းဇော်ဝင်းက အခမ်းအနားသို့ တက်ရောက်လာကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ဂါရဝပြုကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတည်မြို့နယ်ရှိ အသက် ၆၅ နှစ်နှင့်အထက် အငြိမ်းစားဆရာကြီး ဆရာမကြီး ၂၈၀ တို့ကို ပညာရေးဝန်ထမ်းမိသားစုများနှင့် ကျောင်းသားကျောင်းသူများကပူဇော်ကန်တော့ကြရာ အငြိမ်းစားဆရာကြီးတစ်ဦးက ဆုံးမသြဝါဒစကားများပြောကြားကာ ဆုမွန်ကောင်းများ ပေးခဲ့ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**





မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဘုန်းတော်ကြီးရပ်ကွက်ရှိ အမျိုးသမီးသက်မွေးသင်တန်းကျောင်း၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးတင်မောင်ဝင်း၊ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ မြို့နယ် (ပြန်/ဆက်)

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ် (OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ် နိုင်ငံကူးလက်မှတ် (Passport for Visit–PV) ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များဆုံးရှုံးရသည့် ဖြစ်စဉ်များဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများ အနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

*စာမျက်နှာ ၆ မှ*

လက်မှတ်ရေးထိုးခဲ့ပြီး Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်၍ မည်သည့်အချိန်မျှ ပျက်ပြယ်မှုမရှိ တည်ရှိနေသည့်စာချုပ်ဖြစ်သည်။

ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလ NLD အစိုးရခေတ်တွင်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ) အမည်ဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့နှင့် NCA သဘောတူစာချုပ်တွင် ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ဆိုရလျှင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အောက်မှပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပေသည်။ ဆက်လက်၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးအတွက် တည်ဆဲဥပဒေအချို့ကို ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန် ပြင်သင့်သည်များကို ပြင်ဆင်နိုင်ရန်လည်း တပ်မတော်က လမ်းဖွင့်ပေးထားသည်။

လက်ရှိကာလတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသလို လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

**ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကိုလည်း တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငြိမ်းချမ်းရေးအတွက် ကြေညာချက်ကို ထုတ်ပြန်ကာ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ခုနစ်ဖွဲ့၊ NCA လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့မှ ခေါင်းဆောင်များနှင့် ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း သုံးကြိမ်တိုင်တိုင် ဆွေးနွေးခဲ့ပါသည်။**

ထိုသို့ဆွေးနွေးရာတွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့်လည်း NCA လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့များနှင့် ၅၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် EAO အဖွဲ့များနှင့် ၂၄ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၁၅ ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ၊ Stakeholder များနှင့် သုံးကြိမ် စုစုပေါင်း ၉၈ ကြိမ် ဆွေးနွေးနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများနှင့် အကြမ်းဖက်PDFအဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်သာ အဖြေရှာဖြေရှင်းနိုင်ရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# စက္ကူစက်ရုံ(ရေနီ)ရှိ ရေဘေးသင့် ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

စက္ကူစက်ရုံ(ရေနီ) ရေဘေးသင့် ဝန်ထမ်းများအား ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး စက္ကူစက်ရုံ(ရေနီ)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်ပြီး စာနာနားလည် စိတ်၊ ကူညီရိုင်းပင်းစိတ်၊ လူမှု တာဝန်သိစိတ်တို့ဖြင့် ထောက်ပံ့ ပေးအပ်သည့်အတွက် ကျေးဇူး တင်ရှိကြောင်းနှင့် စက်ရုံမှ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးမြင့် ဆောင်ရွက်နိုင်ရေး၊ သဘာဝဘေး အန္တရာယ်များ ကြုံတွေ့ရပါက ဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေရေး အစီအမံများ ကြိုတင် ဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက ရေဘေးသင့်ဝန်ထမ်း ၄၅ ဦး အတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၉၀ ကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးသည် စက်ရုံအတွင်း ကတ်ထူစက္ကူများ ထုတ်လုပ်နေ သည့် နည်းစဉ်အဆင့်ဆင့်နှင့် ထုတ်လုပ်ပြီး ကတ်ထူစက္ကူများ အား ဈေးကွက်သို့တင်ပို့ရန် ပြင်ဆင်ထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး စက်ရုံများ လည်ပတ်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း ဖြင့် ဝန်ထမ်းများ၌ရှိပြီးဖြစ်သော ကျွမ်းကျင်မှုများကို ပိုမိုတိုးတက် စေမည့်အပြင် ပြည်ပမှ တင်သွင်း ရမှုကိုလျှော့ချနိုင်ခြင်း၊ နိုင်ငံခြား ငွေအသုံးပြုရမှု သက်သာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည် ဖြစ်သဖြင့် လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်ကြရမည်ဖြစ် ကြောင်း။

တစ်ရက်လျှင် ထုပ်ပိုးစက္ကူ တန် ၈၀ ထုတ်လုပ်နိုင်သည့် စက်ရုံကိုလည်း ဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း ၍ အမြန်ဆုံးလည်ပတ်နိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အားထားရ သည့် ဝန်ထမ်းများဖြစ်အောင် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အောင်မြင်အောင် ကြိုးစား ဆောင်ရွက်ကြစေ လိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၅**

ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီနယ်မြေအတွင်း စာရင်း စစ်၊ စာရင်းကောက်များက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း အရာ သန်းခေါင်စာရင်းကောက်ယူ ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိ ရပ်ကွက်နှင့် သစ်ဝင်တိုင်းကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် နှင့် မင်္ဂလာဒီပရပ်ကွက်တို့သို့ သွားရောက်ပြီး ရပ်ကွက်/ကျေးရွာ ကောက်ကွက်များအလိုက် မြို့နယ် စာရင်းစစ်၊ စာရင်းကောက်များက တစ်အိမ်တက်ဆင်း လှည့်လည် ကာ Mobile Tablet များဖြင့် သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်း များ မေးမြန်းကောက်ယူနေမှုနှင့် ဒေသခံ ပြည်သူများ စိတ်ဝင်တစား ပြန်လည် ဖြေကြားနေမှုကို လှည့်လည်ကြည့်ရှု အားပေးကာ လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူ များအား ရင်းရင်းနှီးနှီး နှုတ်ဆက် သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် ကောက်ယူဆောင်ရွက် လျက်ရှိရာ နေပြည်တော်ကောင်စီ နယ်မြေအတွင်း ကောက်ကွက် ပေါင်း ၂၆၅၆ ကွက်ကို စာရင်းစစ်၊ စာရင်းကောက် ၁၃၁၇ ဦးက တက်ညီလက်ညီဖြင့် သန်းခေါင် စာရင်းဆိုင်ရာ မေးခွန်းများကို Mobile Tablet များဖြင့် တစ်အိမ် တက်ဆင်း မေးမြန်းကောက်ယူ လျက်ရှိကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



# မြဝတီခရိုင်၌ မီးခိုးမြူငွေ့များ၏ ဆိုးကျိုးအန္တရာယ်အကြောင်း သိကောင်းစရာ အသိပညာပေး Talk Show ပြုလုပ်

**မြဝတီ အောက်တိုဘာ ၅**

ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် ခရိုင်မီးသတ်ဦးစီး ဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၄ ရက်က "မီးခိုးမြူငွေ့များ၏ ဆိုးကျိုးအန္တရာယ်အကြောင်း သိကောင်းစရာ" အသိပညာပေး Talk Show ကို လူထုအခြေပြု ဗဟိုဌာန၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်း က ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပေးပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှူး ဦးရန်နိုင်ထွန်းက မီးခိုးမြူငွေ့များ ဖြစ်ပေါ်လာရ ခြင်းအကြောင်းရင်း၊ မီးခိုးမြူငွေ့ ကြောင့် လူနှင့်သဘာဝပတ်ဝန်းကျင် အပေါ် သက်ရောက်နိုင်သည့် ဆိုးကျိုးများ၊ စက်ရုံ/အလုပ်ရုံမှ ထွက်ရှိသည့် မီးခိုးငွေ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းမှ ထွက် ရှိသည့် ဖုန်မှုန့်များ၊ ယာဉ်များမှ ထွက်ရှိသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းပြီး လူသားတို့၏ ကျန်းမာရေးကို များစွာထိခိုက်နိုင် ကြောင်းနှင့် အထူးသဖြင့် သက်ကြီး ရွယ်အို၊ ကလေးသူငယ်နှင့် ကိုယ်ဝန်ဆောင် မိခင်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ပိုမိုဖြစ်ပွားနိုင်၍ သတိပြုကြစေကြောင်းကိုလည်း ကောင်း၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဖြိုးမင်းဇော်က ရိုးပြတ်/ တောင်ယာများ မီးရှို့ခြင်း၊ လေထု ညစ်ညမ်းစေသည့် အမှိုက်များ မီးရှို့ခြင်းကြောင့် ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုများ ဖြစ်ပွားနိုင် ကြောင်းနှင့် ပွင့်လင်းရာသီရောက် ရှိသည့်အခါ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ခြင်းများကို တစ်ဦးချင်းစီမှစ၍ သတိပြုကြ စေလိုကြောင်းကို လည်းကောင်း အသေးစိတ် ဆွေးနွေးပေးခဲ့ ကြောင်း သိရသည်။



**ဇာဖြူဝင်း(မြဝတီ)**

# လွိုင်လင်-ပန်ကေတု-သီပေါလမ်းပိုင်းတွင် ယာဉ်များသွားလာနိုင်ပြီဖြစ်

**လွိုင်လင် အောက်တိုဘာ ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းကိုင်မြို့နယ်တွင် မိုးသည်းထန် စွာရွာသွန်းခဲ့သောကြောင့် ပျက်စီး သွားခဲ့သော လွိုင်လင်-ပန်ကေတု- သီပေါလမ်း မိုင်(၉၀/၄-၉၀/၅) ကြားတံတားအမှတ် ၃/၉၁ အရှည် ပေ ၃၆၀ ရှိ ဆားတောတံတား ချဉ်းကပ်လမ်းမှာ အောက်တိုဘာ ၄ ရက် ညနေ ၅ နာရီတွင် ယာဉ် များ စတင်သွားလာနိုင်ပြီဖြစ် ကြောင်း သိရသည်။

ဆားတောတံတားချဉ်းကပ် လမ်းမှာ အောက်တိုဘာ ၁ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သော သီပေါဘက်ခြမ်း ကမ်းကပ်ခုံ A1 အောက်ခြေ ရေတိုက်စားပြီး ချဉ်းကပ်လမ်း အလျား ၅၅ ပေ၊ အကျယ် ပေ ၃၀၊ အမြင့် ၂၂ ပေမှာ ရေတိုက်စား မျောပါသွားခဲ့ပြီး ယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာ၍မရတော့ဘဲ လမ်း ကြောင်း ပြတ်တောက်မှုဖြစ်ခဲ့ သည်။

အဆိုပါတံတားကို အောက်တို ဘာ ၂ ရက်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန လွိုင်လင်ခရိုင်လမ်း ဦးစီးဌာန ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး၊ မိုင်းကိုင်မြို့နယ် ဦးစီးအရာရှိ(မြို့ပြ) အငယ်တန်း အင်ဂျင်နီယာ(၂)တို့မှ ကြီးကြပ်၍ Backhoe နှစ်စီး၊ Loader တစ်စီး၊ မြေသယ်ယာဉ် ခြောက်စီးတို့ဖြင့် ရေလမ်းကြောင်းဖြောင့်ပေးခြင်း၊ မျောရိုက်ပြီး ကတ္တရာပီပါပြား ကာရံခြင်း၊ ကျောက်ကြီး ဖြည့် ခြင်း၊ ချဉ်းကပ်လမ်း တာပေါင်ဖို့ ခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးခဲ့ရာ အောက်တိုဘာ ၄ ရက် ညနေပိုင်းမှစ၍ယာဉ်များသွားလာ နိုင်အောင် ဆောင်ရွက်ပြီးဖြစ် ကြောင်း လမ်းဦးစီးဌာနမှ သိရ သည်။

**သိန်းသန်း(ပြန်/ဆက်)**



ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၅ ရက်က မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုတို့၌ စာရင်းကောက် စာရင်းစစ်အဖွဲ့များက ဆက်လက်ကောက်ယူစဉ်။ ကျော်ဇေယျာဝင်း(ကံမ)



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ အောက်တိုဘာ ၅ ရက်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)

## ဘက်ရဲမြို့၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ကြံခင်း အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ တိုက်နယ်ပြည်သူ့ဆေးရုံတွင် ရေဘေးသင့် ပြည်သူများအား ယနေ့ နံနက်ပိုင်းမှ စတင်၍ အထူးကုဆရာဝန်ကြီး၊ ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာ နေဝင်းဆန်း ဦးဆောင်၍ ဆရာဝန်နှင့် သူနာပြု ခုနစ်ဦး၊ မြို့နယ်ပြည်သူ့ဆေးရုံမှ ဒုမြို့နယ်ကုသရေးဦးစီးဌာနမှူး၊ သမားတော် ဒေါက်တာ ကျော်ကိုကို၊ သွားဆရာဝန်နှင့် သူနာပြုဆရာ ဆရာမ ခုနစ်ဦးတို့က ဘက်ရဲမြို့ပေါ် ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ရှိ လာရောက်ပြသသည့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးကြခြင်းဖြစ်သည်။

ဖြိုးဝေလင်း (ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး သရက်မြို့နယ် အမှတ်(၁)၊ အမှတ်(၅)၊ အမှတ်(၇)ရပ်ကွက်နှင့် မိုးနတ်ကုန်း၊ အင်းလယ်၊ ရေဘွက်ကျေးရွာအုပ်စုတို့တွင် အောက်တိုဘာ ၅ ရက်က စာရင်းကောက်ယူရေးအဖွဲ့များ ဆက်လက်ကောက်ယူနေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေးနှင့် ကော်မတီဝင်များက ကြည့်ရှုအားပေးစဉ်။ ဇော်ထက်(သရက်)



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအား မြို့နယ်စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက အောက်တိုဘာ ၅ ရက်က ဆက်လက်ကောက်ယူနေရာ မြို့နယ်သန်းခေါင် စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးစဉ်။ ကျော်ဇင်စိုး (ပြန်/ဆက်)

## MNL ယူ-၂၀ ပြိုင်ပွဲတွင် Junior Lions နှင့် သစ္စာအားမာန် အမှတ်ခွဲယူ



ရန်ကုန် အောက်တိုဘာ ၅

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၇) နောက်ဆုံးနေ့ကို အောက်တိုဘာ ၅ ရက်က ပဒုမ္မာကွင်း၌ကျင်းပရာ Junior Lions အသင်းနှင့် သစ္စာအားမာန်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။

Junior Lions အသင်းသည် ယခုပွဲသရေ ရလဒ်ကြောင့် ဒုတိယနေရာမှ တတိယနေရာသို့ ဆင်းပေးခဲ့ရသလို ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းနှင့်လည်း ခုနစ်မှတ်အထိ ပြတ်သွားခဲ့ရသည်။ အမှတ်ပေးဇယား အလယ်ပိုင်းတွင် ရပ်တည်နေသည့် သစ္စာအားမာန်အသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း မိနစ်ပိုင်းအကြာမှာပင် ချေပဂိုးပြန်ပေးလိုက်ရပြီး သရေရလဒ်သာ ရယူနိုင်ခဲ့သည်။ ၄၇ မိနစ်တွင် သန်းထိုက်အောင်က သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၅၄ မိနစ်တွင် ခန့်ဝင်းအောင်က Junior Lions အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သစ္စာအားမာန်အသင်းမှ အိုကေချစ်က ရရှိသည်။

ပွဲစဉ် (၁၇) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၃၈မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး အား/ကာသိပ္ပံအသင်းက ၁၅ ပွဲကစား ၃၃ မှတ်၊ Junior Lions အသင်းက ၁၆ ပွဲကစား ၃၁ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၂၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၅ ပွဲကစား ၂၄ မှတ်၊ သစ္စာအားမာန်အသင်းက ၁၆ ပွဲကစား ၂၂ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရမှတ် ၂၀ စီ၊ ရတနာပုံအသင်းက ၁၆ ပွဲကစား ၁၉ မှတ်၊ Dagon Port အသင်းက ၁၅ ပွဲကစား ၁၅ မှတ်၊ မြဝတီအသင်းက ၁၆ ပွဲကစား ၁၃ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရှစ်မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၅ ပွဲကစား ခုနစ်မှတ် ရရှိထားသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MNL

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်ပညာရေးဒီဂရီကောလိပ် ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေမှုကြည့်ရှုစစ်ဆေး

**လွိုင်ကော် အောက်တိုဘာ ၅**

ကယားပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လက်တွဲကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ဒေသအခြေအနေအရ ယာယီပိတ်ထားခဲ့ရသော ကျောင်းများ၊ ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်က လွိုင်ကော်ပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိကာ ယခုလ ၁၅ ရက်မှစ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများ လှည့်လည်ကြည့်ရှုအားပေးပြီး ပါဝင်ဆောင်ရွက်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။



ထို့နောက် သဇင်ဆောင်ခန်းမ၌ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံပေးနေမှုများနှင့် ဆရာ ဆရာမများ၏ လုံခြုံရေး၊ နေထိုင်ရေး၊ စားသောက်ရေး ကိစ္စများကို တတ်အားသရွေ့ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချယ်ရီထွန်းက ယခုလ ၁၅ ရက်တွင် ကျောင်းများ စတင်ဖွင့်လှစ်မည့် အခြေအနေများ၊ နေထိုင်စားသောက်ရေး၊ သင်ကြားမှု သင်ယူမှု၊ ပုံမှန်သင်တန်းများအတွက် စာသင်ဆောင်၊ အိပ်ဆောင်များ ဆောင်ရွက်ထားသည့်အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးသည်။ ပြန်လည်တာဝန်ထမ်းဆောင်မည့် ဌာနကြီးမှူး၊ ပါမောက္ခ၊ နည်းပြနှင့် ဝန်ထမ်းများအတွက် ပြည်နယ်အစိုးရက ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ကော်ဖီမစ်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံရေး မွေးမြူရေးဇုန်များ ကြည့်ရှုအားပေး

**ဘားအံ အောက်တိုဘာ ၅**

ပြည်နယ်အတွင်း သာယာဝပြောရေးနှင့်ဒေသဝမ်းစာဖူလုံရေးအတွက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက မိဇံ(ဝက်/ဆိတ်)မွေးမြူရေးဇုန်နှင့် ဘားအံ(စံဖရိုး)မွေးမြူရေးဇုန်တို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် မိဇံမွေးမြူရေးဇုန်နှင့် ဘားအံ(စံဖရိုး) မွေးမြူရေးဇုန်ကော်မတီဝင်များ၊ မွေးမြူရေးတောင်သူများနှင့် သီးခြားစီတွေ့ဆုံရာ ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇုန်အတွင်း မွေးမြူထားရှိမှု၊ အသား၊ ဥနှင့် နို့ထုတ်လုပ်မှု၊ ဇုန်ပတ်လမ်း၊ ဇုန်တွင်းလမ်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကောင်းမွန်သော မွေးမြူရေးနည်းစနစ်၊ ကျင့်စဉ်များကို တိကျသေချာစွာလိုက်နာ၍ မျိုးကောင်းမျိုးသန့်၊ ပြည့်ဝသော အစာအာဟာရများကို ကျွေးမွေးကာ ဖွဲ့ လုံ့လ ဝီရိယများ စိုက်ထုတ်ကြိုးပမ်းခြင်းဖြင့် စွမ်းအားပြည့် မွေးမြူထုတ်လုပ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးတောင်သူများက မွေးမြူထုတ်လုပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး မိဇံမွေးမြူရေး ဇုန်အတွင်းရှိ တောင်သူ ဦးဇော်ထွေးအောင်၏ ဝက်အကောင် ၄၂၀ မွေးမြူရေးခြံ၊ ဦးနိုင်မင်းထိုက်၏ ဆိတ်အကောင် ၁၅၀ မွေးမြူရေးခြံနှင့် မွေးမြူရေးနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကိုအသုံးပြု၍ မြေသြဇာထုတ်လုပ်သည့် မိသားစုသဘာဝဇီဝမြေသြဇာစက်ရုံ၊ ဘားအံ(စံဖရိုး)မွေးမြူရေးဇုန်ရှိ ရွှေဆိတ်မင်း မွေးမြူရေးခြံ၏ သိုး၊ ဆိတ်အကောင် ၃၀၀ မွေးမြူထားရှိမှုနှင့် တောင်သူ ဒေါ်နန်းမြင့်မြင့်အေး၏ ဒေသနွားအကောင် ၂၀ မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ မှာကြားသည်။

ဘားအံမြို့နယ် မိဇံမွေးမြူရေးဇုန်ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဝက်အကောင် ၁၈၈၈၊ ဆိတ်အကောင် ၉၄၀ မွေးမြူထားရှိကာ ၂၀၂၄ ခုနှစ် ဧပြီလမှ ယခုအထိ ဝက်သား ၅၅၄၇၅ ပိဿာ၊ ဆိတ်သား ၁၉၃၁ ပိဿာကျော်ကို မွေးမြူထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ဘားအံ(စံဖရိုး)မွေးမြူရေးဇုန်ကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နွား ၂၇၁ ကောင်၊ ဆိတ် ၁၉၆၉ ကောင်၊ ဥစားကြက်အကောင် ၆၂၀၀၊ ဒေသကြက် အကောင် ၂၅၇၀၊ သိုးအကောင် ၁၁၀ တို့ကို မွေးမြူထားရှိကာ ၂၀၂၄ ခုနှစ်အတွင်း အမဲသား ပိဿာ ၂၇၀၊ ဆိတ်သား ၁၅၅၈ ပိဿာ၊ ကြက်သား ၁၁၄၂၇ ပိဿာ၊ သိုးသား ၇၃၂ ပိဿာ၊ ကြက်ဥ ၂၅၃၄၂၁၀၊ နွားနို့ ၃၂၈၅ ပိဿာတို့ကို ထုတ်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။



စောမျိုးမင်းသိန်း(ပြန်/ဆက်)

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း အောက်တိုဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရေဘေးကြောင့် ပျက်စီးခဲ့သော နေရာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည်ပြည်ထောင်စုနယ်မြေ နေပြည်တော် (MSME) အသင်း ဒုဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများက အဆုံ(ဇီးကုန်း)ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် တာဝန်ခံမြို့နယ်ပညာရေးမှူး ကျောင်းအုပ်ဆရာကြီးတို့နှင့် တွေ့ဆုံ၍ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ခြံစည်းရိုးကို ရှစ်ပေတစ်ခန်းနှုန်းဖြင့် အရှည် ၁၆၂၈ ပေကို ချိန်းလင့်(သံဇကာ) ကာရံနေမှုနှင့် ကျောင်းဖွင့်လှစ်သင်ကြားနေမှုများကို ကြည့်ရှုပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ကြက်သွန်ခင်းကျေးရွာ ဦးမြင့်တင်၊ ဦးကျော်သက်ခိုင်တို့၏ အိမ်ခြံဝင်းအတွင်း အနက်ပေ ၃၀၀ ကျော်၊ ကိုယ်ထူကိုယ်ထ ရေလှျံတွင်းနှစ်တွင်းမှ သောက်သုံးရေ ရရှိမှုများကို ကြည့်ရှုအားပေးပြီး ညောင်လွန့်ကျေးလက် ကျန်းမာရေးဌာနနှင့် တော်ဝင်နှင်းဆီ ဆေးခန်းတို့ ပူးပေါင်း၍ ကြက်သွန်ခင်းကျေးရွာ ဝိသာခါ မဏ္ဍပ်တော်ကြီးတွင် နယ်လှည့်ဆေးခန်း ဖွင့်ကာ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် လာရောက်ပြသသူများကို အားပေးစကား ပြောကြားပြီး လိုအပ်သည့် ဆေးဝါးနှင့်ဆေးပစ္စည်းများ ထောက်ပံ့လှူဒါန်းပြီးနောက် ချောင်းခြားကျေးရွာနှင့် သပြေသာကျေးရွာချင်းဆက် ရိစာမြေသားလမ်း ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့်လမ်းကို ကျေးလက်လမ်း ဦးစီးဌာနနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းပြီး စက်ယန္တရား၊ လူအင်အားတို့ဖြင့် ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာနေပြည်သူများ ကျေးရွာချင်းဆက် လမ်းအမြန် အသုံးပြုနိုင်ရေး ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။



တင်စိုးလွင်

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၅**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

"Empowering the next generation for a resilient future"

**အောက်တိုဘာလ (၁၃) ရက်**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | လူငယ်ရဲ့ဘဝနှင့်တန်ဖိုး | အောင်သင်း | ဒေါ်ဝင်းမာတင်<br>ဖွန်ပွင့်စာအုပ်တိုက် |
| ၂။ | လက်ဖျော်ကော်ဖီ | ငွေးကြည်(စလင်း) | ဒေါ်နွယ်နွယ်ဝင်း<br>ဆောင်းစုရတီစာပေ |
| ၃။ | မင်းကိုယ်မင်းထက် ဘယ်သူ့မှပိုမချစ်နဲ့ | ကောင်းပြည့်သော် | ဒေါ်နွယ်နွယ်ဝင်း<br>ဆောင်းစုရတီစာပေ |
| ၄။ | မြန်မာပြည်ဖွား ချစ်စရာ တိုင်းရင်းသားများ | လင်းသက်ခိုင် | ဒေါ်မြင့်ကေခိုင်<br>ဖြေဦးစာပေတိုက် |

ပြန်ကြားရေးဝန်ကြီးဌာန

## တိမ်ထူထပ်ပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၅

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်ထူထပ်ပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်ထူထပ်ပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာနိုင်သည်။

မိုး/ဇလ

## တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း / ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။



၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ (A) ၌ ကကွက်ပြိုင်ပွဲ၊ ဝိတ်တန်းအလိုက်အတိုက် ပြိုင်ပွဲကို အသီးသီးယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော် အရာရှိကြီးများနှင့် တပ်မတော်တိုက်ကွမ်ဒို ကော်မတီမှ တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(B) ၌ အမျိုးသား ကွာတားအဆင့် ပတ်လည် ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (C) ၌ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားရုံ၌ လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေး ငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။
- အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံ ကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# မန္တလေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ဘုန်းတော်ကြီးသင်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တည်ထောင်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းသား ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို



ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားပြီးနောက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ (၅) ဖွဲ့၏ အဖွဲ့ ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ဖတ်ကြားသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဗဟိုအဆင့် ဆုရရှိသူများ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတို့မှ တိုင်းဒေသကြီးအဆင့်၊ အလယ်တန်းအဆင့်တို့တွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် တက်ရောက်လာကြသည့် ဆရာ ဆရာမများကို ရင်းနှီးစွာ လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မတ္တရာမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူလျက်ရှိ

**မတ္တရာ အောက်တိုဘာ ၅**

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ် မြို့ပေါ်ရပ်ကွက်များ၌ သန်းခေါင်စာရင်းကောက်ယူနေမှုများကို မန္တလေးတိုင်းဒေသကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးသည် ခရိုင်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

မတ္တရာမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို စာရင်းစစ်၊ စာရင်းကောက်များက အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌ စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေးများ ခတ်ပေးခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀)၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ပြည်သူ့ဆေးရုံနှင့် လှည်းကူးမြို့နယ် ဒါးပိန်တိုက်နယ် ဆေးရုံတို့၌ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကောက်ယူလျက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ ခရိုင်ဦးစီးမှူး ဦးကျော်ကျော်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

မြို့နယ် (ပြန်/ဆက်)

## ဖန်းမော်မြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ဖန်းမော် အောက်တိုဘာ ၅**

ကချင်ပြည်နယ် ဖန်းမော်မြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက်က



အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ထွန်းတိုးက ဖတ်ကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ခရိုင်ပညာရေးမှူး ဦးအောင်ဆွေနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

ကျေးရွာသစ်တော၊ ထင်းမျောအိမ်တိုင်၊ လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့

# ဘရာဇီးမြို့တော်၌ မိုးမရွာသည်မှာ ရက်ပေါင်း ၁၆၄ ရက်ဖြင့် အရှည်ကြာဆုံး မိုးခေါင်မှုအဖြစ် စံချိန်တင်

**ဆော်ပေါ်လို အောက်တိုဘာ ၅**

ဘရာဇီးနိုင်ငံ ဘရာဆီးလီးယားမြို့၌ မိုးမရွာဘဲရှိသည်မှာ ရက်ပေါင်း ၁၆၄ ရက် ဆက်တိုက်ရှိပြီဖြစ်ပြီး အကြာဆုံးခြောက်သွေ့မှုအဖြစ် စံချိန်သစ်တင်ခဲ့ကြောင်း အမျိုးသား မိုးလေဝသအင်စတီကျူက အောက်တိုဘာ ၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ကာလရှည်ကြာမိုးခေါင်မှုသည် တောမီးလောင်မှုနှင့် မြက်ခင်းပြင်များ မီးလောင်မှုကို ဖြစ်ပေါ်စေသည်။ ဩဂုတ်လလယ်ပိုင်းမှစတင်ကာ နိုင်ငံအနှံ့ဒေသများတွင် တောမီးလောင်မှုများ ပျံ့နှံ့လာခဲ့သည်။ ၁၉၆၃ ခုနှစ်ကလည်း ဘရာဆီးလီးယားမြို့၌ ၁၆၃ ရက်တိုင်တိုင် မိုးမရွာဘဲမိုးခေါင်မှုဖြစ်ပွားခဲ့သည်။

ဘရာဆီးလီးယားမြို့သည် ဘရာဇီးနိုင်ငံအလယ်ပိုင်းဒေသတွင်ရှိပြီး ယခုအခါ အလွန်အမင်းပူပြင်းခြင်းနှင့် စိုထိုင်းဆနည်းခြင်းဟူသော ခြိမ်းခြောက်မှုနှစ်ခုနှင့် ရင်ဆိုင်နေရသည်။ အာဏာပိုင်များက လိမ္မော်ရောင်အဆင့် သတိပေးမှုထုတ်ပြန်ထားပြီး အပူချိန် ၃၅ ဒီဂရီဆဲလ်ဆီးရပ်စ်ထက် ကျော်လွန်ကာ စိုထိုင်းဆ ၁၅ ရာခိုင်နှုန်း ကျဆင်းနေသည်။ ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ယခုနှစ်အတွင်း ဘရာဆီးလီးယားမြို့၌ တောမီးလောင်မှုမှာ ၂၆၉ ရာခိုင်နှုန်းတိုးလာသည်ဟု အမျိုးသားအာကာသသုတေသနအင်စတီကျူ၏ အစီရင်ခံစာအရ သိရသည်။

အောက်တိုဘာ ၈ ရက်တွင် မိုးရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားသည်။ ဘရာဆီးလီးယားသည် ယခုနှစ်အတွင်း စံချိန်တင်တောမီးလောင်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ **ဆင်ဟွာ**



# အစ္စရေးက ဟစ်ဇ်ဘိုလာကို တိုက်ခိုက်မှု အရှိန်မြှင့်

**ဂျေရုဆလင် အောက်တိုဘာ ၅**

အစ္စရေးသည် ဟစ်ဇ်ဘိုလာအဖွဲ့ကို ဝေဟင်ရောမြေပြင်ပါ အရှိန်လျှော့ချခြင်းမရှိဘဲ အရှိန်မြှင့်တိုက်ခိုက်လျက်ရှိသည်။ ဟစ်ဇ်ဘိုလာက လက်ဘနွန်မှ အစ္စရေးသို့ဦးတည်ကာ ဒုံးကျည်ရာနှင့်ချီ ပစ်လွှတ်ခဲ့ကြောင်း အစ္စရေးက ပြောသည်။

အစ္စရေး တပ်မတော်သည် ဟစ်ဇ်ဘိုလာ စစ်ရေးပစ်မှတ် ၂၀၀၀ ကျော်ကို တိုက်ခိုက်ခဲ့ကြောင်းနှင့် တိုက်ခိုက်ရေးသမား ၂၅၀ ခန့်ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်တာဝန်ရှိသူများက ပြောသည်။ အခြားတစ်ဖက်တွင် ဟစ်ဇ်ဘိုလာအဖွဲ့ကလည်း အစ္စရေးကို ပစ်ခတ်တိုက်ခိုက်မှုများ ဆက်တိုက်လုပ်ဆောင်ခဲ့ကြောင်း ပြောသည်။ ထိုသို့ တိုက်ခိုက်မှုများကြောင့် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူအချို့ ရှိကြောင်းလည်း ပြောသည်။

အစ္စရေး တပ်မတော်သည် ဘေရွတ်မြို့အနီး မြေအောက်ကတုတ်ကျင်းတစ်ခုကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတာဝန်ရှိသူများ၏ ပြောကြားချက်ကို The New York Times သတင်းစာက ကိုးကားဖော်ပြထားသည်။ ဟစ်ဇ်ဘိုလာ အကြီးတန်းတာဝန်ရှိသူများသည် ယင်းနေရာတွင် အစည်းအဝေးတစ်ခု ပြုလုပ်နေကြောင်းနှင့် ပတ်သက်ပြီး အစ္စရေးတပ်မတော်က သတင်းရခဲ့ကြောင်းလည်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။



လက်ဘနွန်တောင်ပိုင်း Burj el-Shmali ကျေးရွာ၌ အစ္စရေး ပစ်မှတ်ထားသော နေရာမှ မီးခိုးလုံးကြီးများ လွင့်တက်လာမှုကို တွေ့ရစဉ်။

၎င်းတို့ထဲမှ တစ်ဦးမှာ ပြီးခဲ့သည့်လက အစ္စရေးလေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သော အဖွဲ့ခေါင်းဆောင် ဟာဆန်နာစရယ်လာ၏နေရာကို ဆက်ခံသူဖြစ်သည်ဟု ယူဆရကြောင်း ဆိုသည်။ လက်ဘနွန်ရှိ လူပေါင်းတစ်သန်းကျော်မှာ အိုးအိမ်စွန့်ခွာခဲ့ကြရကြောင်း၊ အစိုးရက တည်ဆောက်ပေးသော ခိုလှုံရေးနေရာ ၉၀၀ နီးပါးထဲက အများစုမှာ လူပြည့်နေပြီး အမိုးအကာမရှိသော လမ်းများပေါ် သို့မဟုတ် ပန်းခြံများတွင် လူများအိပ်နေကြရကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဘရာဇီးတွင် ဆိုရှယ်မီဒီယာ X ဒေါ်လာ ၅ ဒသမ ၂၃ သန်း ဒဏ်ရိုက်ခံရ

**ဆော်ပေါ်လို အောက်တိုဘာ ၅**

ယခင်က တွစ်တာဟုခေါ်သည့် ဆိုရှယ်မီဒီယာ X ကို ဘရာဇီးနိုင်ငံအတွင်း ၎င်း၏လုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ဒဏ်ငွေရီရဲလ် ၂၈ ဒသမ ၆ သန်း (အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၃ သန်းခန့်) ပေးဆောင်ခဲ့ရကြောင်း ဒေသဆိုင်ရာမီဒီယာများတွင် အောက်တိုဘာ ၄ ရက်က ဖော်ပြသည်။

အီလွန်မတ်စ်ပိုင်ဆိုင်သော ဆိုရှယ်မီဒီယာကုမ္ပဏီကြီးက ဘရာဇီးတရားရုံးချုပ် တရားသူကြီး အဲလက်ဇန်ဒါး ဒီမိုရေးစ်က ချမှတ်သည့်ဒဏ်ကြေးငွေပေးချေမှု အထောက်အထားကို တင်ပြခဲ့ကြောင်း ဆိုရှယ်မီဒီယာ X ၏ ရှေ့နေများထံမှ သိရသည်။

မဟုတ်မမှန် လုပ်ကြံ လှုံ့ဆော်မှုများနှင့် အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ကုမ္ပဏီမှ တရားဝင်ကိုယ်စားလှယ်တစ်ဦး ခန့်အပ်ရန် ပျက်ကွက်မှုကြောင့် ဩဂုတ်လက ဘရာဇီးနိုင်ငံတွင် ဆိုရှယ်မီဒီယာ X အသုံးပြုခွင့်ကို ဒီမိုရေးစ်က ဆိုင်းငံ့ခဲ့သည်။

ယင်းနောက် အီလွန်မတ်စ်က ၎င်း၏ ဂြိုဟ်တုအင်တာနက်ကုမ္ပဏီစတားလင့်ခ်၏ ဘရာဇီးနိုင်ငံအတွင်း လုပ်ငန်းလည်ပတ်မှုအခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပြီး X ၏ လည်ပတ်မှုကို ပြန်လည်စတင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

# ၂၀၂၅ ခုနှစ်တွင် မွန်ဂိုလီးယားနိုင်ငံ၏ တစ်ဦးချင်း ဂျီဒီပီ ဒေါ်လာ ၆၈၀၀ သို့ ရောက်ရှိရန် မျှော်မှန်း

**အူလန်ဘာတာ အောက်တိုဘာ ၅**

မွန်ဂိုလီးယား၏ ပြည်တွင်းအသားတင်ထုတ်ကုန် (ဂျီဒီပီ) သည် ၂၀၂၅ ခုနှစ်အရောက်တွင် အမေရိကန်ဒေါ်လာ ၆၈၀၀ အထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း ဝန်ကြီးချုပ် လဗ်ဆန်နမ်ဆရိုင် အိုယွန်းအာဒီနီက ပြောကြားသည်။

အောက်တိုဘာ ၄ ရက်က ပြုလုပ်သည့် ပါလီမန်အစည်းအဝေးတစ်ခုအတွင်း နိုင်ငံတော်ဘဏ္ဍာငွေ ၂၀၂၅ မူကြမ်းကို တင်ပြစဉ် အိုယွန်းအာဒီနီက ယင်းမှတ်ချက်ကို ပြောကြားခဲ့ခြင်းဖြစ်သည်။ သတ္တုကဏ္ဍနှင့် ခရီးသွားလုပ်ငန်း တိုးတက်မှုတို့ကြောင့် မွန်ဂိုလီးယား၏ တစ်ဦးချင်းဂျီဒီပီသည် ဆယ်စုနှစ်တစ်ခုအတွင်း ဒေါ်လာ ၄၀၀၀ နှုန်း တိုးတက်ခဲ့သဖြင့် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၀၀၀ ကျော်အထိ ရောက်ရှိလာခဲ့သည်။ ခန့်မှန်းတွက်ချက်မှုများအရ တစ်ဦးချင်းဂျီဒီပီသည် ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၆၈၀၀ ဝန်းကျင်သို့ ရောက်ရှိရန် မျှော်လင့်ထားကြောင်း ၎င်းက ဆိုသည်။

ထို့အပြင် ၂၀၂၆ ခုနှစ်တွင် အကြီးစားစီမံကိန်း ၁၄ ခုကို အပြည့်အဝအကောင်အထည်ဖော်မည်ဆိုပါက မွန်ဂိုလီးယားနိုင်ငံအတွက် တစ်ဦးချင်းဂျီဒီပီသည် ၂၀၂၈ ခုနှစ်အရောက်တွင် ဒေါ်လာ ၁၀၀၀၀ အထိ ရောက်ရှိနိုင်ဖွယ်ရှိကြောင်း ဝန်ကြီးချုပ်က မှတ်ချက်ပြုသည်။ **ဆင်ဟွာ**

# နိုင်ဂျီးရီးယားနိုင်ငံ၌ ကာလဝမ်းရောဂါဟု သံသယရှိသူ ၁၀၀၀၀ ကျော်ရှိပြီး ၃၉၅ ဦးသေဆုံး

**အဘူဂျာ အောက်တိုဘာ ၅**

နိုင်ဂျီးရီးယားနိုင်ငံ ပြည်နယ် ၃၃ ခု၌ ယခုနှစ်ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ကာလဝမ်းရောဂါကြောင့် ၃၅၉ ဦးသေဆုံးခဲ့သည်ဟု နိုင်ဂျီးရီးယားနိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (NCDC)၏ အောက်တိုဘာ ၃ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အောက်တိုဘာ ၄ ရက်တွင် ကာလဝမ်းရောဂါဟု သံသယရှိလူနာ ၁၀၈၃၇ ဦးအထိ ရှိလာသည်ဟု ပြည်သူ့ကျန်းမာရေးအေဂျင်စီက အတည်ပြုပြောကြားခဲ့သည်။ ယခုနှစ်အတွင်း နိုင်ဂျီးရီးယားနိုင်ငံ၏ ပြည်နယ် ၃၆ ခုအနက် ၃၃ ခု၌ ကာလဝမ်းရောဂါဟု သံသယရှိသည့် လူနာများ ပေါ်ပေါက်ခဲ့သည်။ လွန်ခဲ့သည့် သီတင်းပတ်အတွင်း ပြည်နယ်ငါးခု၌ သံသယရှိလူနာ ၁၉၈ ဦးအနက် ၁၅ ဦး သေဆုံးခဲ့သည်ဟု နိုင်ဂျီးရီးယားနိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

ပြည်နယ် အာဏာပိုင်များအနေဖြင့် ကာလဝမ်းရောဂါကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ရေး အစီအစဉ်များကို မြှင့်တင်ရန်နှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်ရန် အမျိုးသားကာလဝမ်းရောဂါ တိုက်ဖျက်ရေးနည်းပညာအုပ်စုက တိုက်တွန်းထားသည်။ ကာလဝမ်းရောဂါသည် ပြင်းထန်သည့် ရေဓာတ်ခန်းခြောက်ခြင်းကြောင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သော ရောဂါဖြစ်သည်။

လူနေထူထပ်သော ဒေသများတွင်သောက်သုံးရေလုံလောက်စွာ မရရှိခြင်းကြောင့် ကာလဝမ်းရောဂါသည် နိုင်ဂျီးရီးယားနိုင်ငံတွင် မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# လာအိုနိုင်ငံ၌ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း နိုင်ငံခြားခရီးသည် ၂ ဒသမ ၆ သန်း လက်ခံရရှိ

**ဗီယင်ကျန်း အောက်တိုဘာ ၅**

လာအိုနိုင်ငံ၌ ၂၀၂၄ ခုနှစ် ပထမရှစ်လအတွင်း နိုင်ငံခြားခရီးသည် ၂ ဒသမ ၆ သန်းလက်ခံရရှိရာ ပြီးခဲ့သည့်ကာလတူနှစ်က ၂ ဒသမ ၂ သန်းကျော် ရှိရာမှ ၁၉ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

လာအိုနိုင်ငံသို့ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ နိုင်ငံခြားခရီးသည် အများဆုံးလာရောက်ကြကြောင်း လာအိုစီးပွားရေးဆိုင်ရာ နေ့စဉ်သတင်းစာက အောက်တိုဘာ ၅ ရက်တွင် ဖော်ပြထားသည်။

လာအိုနိုင်ငံသည် ယခုနှစ်အတွင်း နိုင်ငံတကာခရီးသွားများထံမှ အမေရိကန်ဒေါ်လာ ၈၀၁ သန်းရရှိခဲ့ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းနှင့် နိုင်ငံခြားခရီးသွား ခြောက်သန်းကျော် လာရောက်လည်ပတ်မည်ဟု လာအိုပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

**ဆင်ဟွာ**

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင်လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင်လည်းကောင်း စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်



လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့အပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/ တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

✻ *ကျောဖုံးမှ*

အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၄၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းကိုးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၅၄၈၃၆၄၆) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၆၇၄၂၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၆၂၅၁၀၆၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာကေတမြို့နယ် ရောဝဏ်လမ်းမအနီး၌ လိုင်စင်မဲ့ Toyota Lexus မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၁ မျိုး၊ လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၇၆၂၃၄၆) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Star Micro Bus တစ်စီး၊ Mitsu-bishi Canter Truck တစ်စီးနှင့် Toyota Wish တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၇၆၂၃၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် မအူပင်ခရိုင်တို့ အတွင်း၌ တရားမဝင်အခြားသစ် ၄ ဒသမ ၆၄၈ တန်နှင့် မီးသွေး ၂၅ ဒသမ ၆၀ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၇၀၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်အတွင်း၌ လိုင်စင်မဲ့ Daihat-su Hijet မော်တော်ယာဉ်တစ်စီး၊ Isuzu D-Max မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး စုစုပါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Bus တစ်စီး၊ Golden Dragon Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘုရားကြီးမြို့၊ လမ်းဆုံအနီး၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၇၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitusbishi FusoTruck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၇၃၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet မော်တော်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ အောက်တိုဘာ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၄ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၆၆၆၄၇၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

## ပုသိမ်ကြီးမြို့နယ်၌ သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၃ ရက်က မြို့နယ်အသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တိုင်းဒေသကြီး အသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးမှူး ဒေါ်တင်မိုးနွယ်က သမဝါယမလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။ **မြို့နယ်(ပြန်/ဆက်)**

---

◆ *ကျောဖုံးမှ*

ဂိုးသမား - ဆန်းဆက်နိုင်၊ ပြည့်ဖြိုးအောင် (ရန်ကုန်ယူနိုက်တက်)၊ ပြည့်ဖြိုးသူ (ရှမ်းယူနိုက်တက်)၊ နောက်တန်း - ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ဇွဲခန့်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော် (ရှမ်းယူနိုက်တက်)၊ ဇော်ရဲထွန်း (ဒဂုံစတား)၊ ကျော်ဖြိုးဝေ၊ သူရိန်စိုး (ရန်ကုန်ယူနိုက်တက်)၊ စိုးမိုးကျော် (Tiffy Army - ကမ္ဘောဒီးယား)၊ အလယ်တန်း- ဝေလင်းအောင်၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ ခိုင်ရဲဝင်း (အား/ကာသိပ္ပံ)၊ လွင်မိုးအောင် (ရရောင်း - ထိုင်း)၊ ကျော်မင်းဦး (PDRM - မလေးရှား)၊ လားဒင်မောရ (ဟံသာဝတီယူနိုက်တက်)၊ ဟိန်းထက်အောင် (နီဂျီရီဆမ်ဘီလမ် - မလေးရှား)၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ)၊ ဆွမ်လမန် (ဒဂုံစတား)၊ ရှေ့တန်း - ဝင်းနိုင်ထွန်း (ချင်းရိုင်ယူနိုက်တက်-ထိုင်း)၊ ရန်ကျော်ထွေး (ရန်ကုန်ယူနိုက်တက်)၊ သန်းပိုင် (ကန်ချာနာဘူရီ-ထိုင်း) နှင့် အောင်မြတ်သူ (ဟံသာဝတီယူနိုက်တက်) တို့ ပါဝင်ကြသည်။

မြန်မာ့ လက်ရွေးစင်အသင်းကို ပဏ္ဍာမကစားသမား ၃၉ ဦးဖြင့် ဖွဲ့စည်းကာ စက်တင်ဘာ ၂၄ ရက်တွင် စတင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် ခြေစမ်းပွဲကစားခါနီး ရက်ပိုင်းအလိုတွင် ကစားသမားများ လျှော့ချကာ ၂၇ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာ လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၁၀၊ ၁၃ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော်  အောက်တိုဘာ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂) ခုရှိရာ ယနေ့၌ ပေါင်းလောင်းရေလှောင်တမံတွင် (၂ ဒသမ ၉၅) ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ (၀ ဒသမ ၅၂) ပေ လျော့နည်းခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျ ဝန်ထမ်းများအား (၂၄) နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၅.၁၀.၂၀၂၄

(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံ အမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၅.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၀၆၄၇ | ၆၂၆.၃၄ | ၅၆၂၀၄၄ | ၁၈၇၉၁ (လျှပ်စစ်) ထုတ်ရေ) | - | - | ၂.၉၅ | ၁၄၀၅၂ | - | ၆၂၆.၈၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၆.၂၅ | ၂၇၄၈၇ | ၁၆၉ | ၈.၇၅ | ၉၀၁၃ | - | - | ၀.၁၀ | ၆၂၆.၄၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၅ | ၅၁၈.၈၅ | ၈၈၆၃၁ | ၂၇၁ | ၁.၁၅ | ၃၁၃၉ | - | - | - | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၉၅ | ၁၀၆၈၅ | ၇ | ၂.၀၅ | ၁၅၇၂ | - | - | ၀.၁၈ | ၅၁၀.၀၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၆၃ | ၄၃၈.၀၀ | ၇၀၀၀၀ | ၃၁၅ | ၁.၀၀ | ၃၀၀၀ | - | - | - | ၄၃၈.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၂ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | ၀.၄၀ | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၄၇ | ၇၈၅၄ | ၈ | ၁.၅၃ | ၈၆၄ | - | - | - | ၄၁၆.၅၀ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၆၄ | ၇၀၃.၁၀ | ၁၀၅၂၃၀ | ၂ | ၆.၉၀ | ၃၇၈၆၀ | - | - | - | ၇၀၃.၁၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၃၂ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၈၀ | ၈၆၄.၂၀ | ၁၀၅၃၄ | ၇၂ | ၅.၈၀ | ၄၀၆၆ | - | - | ၀.၇၃ | ၈၆၄.၂၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်  အောက်တိုဘာ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Cho Lei Lei Thin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာနေ ချိုလဲ့လဲ့သင်းကို မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မြိတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမရပူရမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက်၊ မဟာပတ္တမြား ကျောင်းတိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၅၀၊ သာသနာ့နွယ်ဝင်သီလရှင် ၄၈ ပါးနှင့်ဒေသခံပြည်သူ ၃၉ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နောင်တာလောရေလယ်ကျွန်း သဲသောင်ပေါ်၌ မြေပဲ၊ ကြက်သွန်နီနှင့် ပန်းနှမ်းများ စိုက်ပျိုးနိုင်ရေး ကချင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၅**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေးနှင့် စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် အောက်တိုဘာ ၄ ရက်က နောင်တာလော ရေလယ်ကျွန်းသဲသောင်ပေါ်၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဝိုင်းမော်မြို့နယ်အပိုင် နောင်တာလောသဲသောင်ပြင်သို့ သွားရောက်ပြီး ဧရာဝတီမြစ် သဲသောင်မြေတွင် စိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေး မြေဆီလွှာဖြစ်ထွန်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မြေပဲနှင့်ပန်းနှမ်း တစ်မျိုးမျိုးစိုက်ပျိုးနိုင်ရေးနှင့် ကြက်သွန်နီပါတွဲဖက်စိုက်ပျိုးနိုင်ရေးအတွက် ကျွန်းနေတောင်သူများအား ဆက်သွယ်စည်းရုံး ဆောင်ရွက်ရေး၊ လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ အစိုးရအဖွဲ့က ပံ့ပိုးပေးနိုင်ရေး ဝိုင်းမော်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည်။

ထို့နောက် သဲသောင်ပေါ်မှတစ်ဆင့် ယခုနှစ် ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် မြစ်ရေစီးချိန်တင်မြင့်တက်မှုကြောင့် ဧရာဝတီမြစ်ကြောင်း ပြောင်းလဲမှုဖြစ်ပေါ်နိုင်ခြေရှိသည့်အပေါ် ကြိုတင်ကာကွယ်နိုင်ရေး ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိန်လွင်က မြစ်ကြမ်းပြင်မြင့်တက်မှုကြောင့် မြို့ဧရိယာအတွင်း သဲသောင်ဖြစ်ထွန်းမှုအပေါ် ဦးစီးဌာနက မြစ်အတွင်း သဲနုန်းတူးဖော်သွားမည့်လုပ်ငန်းစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းစီမံကိန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးနှင့် မြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်းနှင့် တစ်ဆက်တစ်စပ်တည်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ဖြည့်စွက်သုံးသပ်ဆွေးနွေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဧရာဝတီမြစ်အတွင်းမှ နောင်တာလော ရေလယ်ကျွန်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**



**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောက်ဖြူမြို့နယ်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု လှည့်လည်ကြည့်ရှု

**စစ်တွေ အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၃ ရက်က ကျောက်ဖြူမြို့နယ်အတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှု လှည့်လည်ကြည့်ရှုပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြသည်။



**ကြည့်ရှုအားပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့များက အိမ်တိုင်ရာရောက် သန်းခေါင်စာရင်းကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြရာ ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောနိုင်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောက်ဖြူမြို့နယ်အတွင်း စာရင်းကောက်ယူနေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီရပ်ကွက်အတွင်း စာရင်းကောက်ယူရေးအဖွဲ့များက စာရင်းကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး စာရင်းကောက်ခံရာတွင် ပူးပေါင်းပါဝင်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂုံးချိန်ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ အဆိုပါဘုန်းတော်ကြီးကျောင်း၌ ကျောက်ဖြူ အထူးစီးပွားရေးဇုန်တိုးတက်တည်ဆောက်ရေးစီမံကိန်းမှ ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်သည့် ကျောက်ဖြူ အနာဂတ်ရွှေလျား ဆေးခန်းဖွင့်လှစ်ကာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးပြီး **(ဝဲပုံ)** ဆရာဝန်၊ သူနာပြုများနှင့် လူမှုအဖွဲ့အစည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် ရောက်ရှိလာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂုံးချိန်ကျေးရွာရှိ ၁၃၅ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း (Power China) ကုမ္ပဏီသို့သွားရောက်ပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

**ဆွေးနွေး**

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်၌ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့်အခြေအနေ၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည့်အခြေအနေများ၊ ဒေသတွင်း လူမှုစီးပွားအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများ စသည့်ကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံခြားသားများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့များက လာရောက်စာရင်းကောက်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**

# မကွေးမြို့နယ် မကြီးကန်ကျေးရွာ မြတ်မွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**မကွေး အောက်တိုဘာ ၅**

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် ဒေသခံပြည်သူများနှင့် ယနေ့ခေတ် ကျောင်းသားလူငယ်များ စာအုပ်စာပေများကို အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရန်၊ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်စေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် မကွေးမြို့နယ် မကြီးကန်ကျေးရွာရှိ မြတ်မွန်စာကြည့်တိုက် အဆောက်အအုံသစ်ကို အောက်တိုဘာ ၃ ရက်က ဖွင့်လှစ်သည်။




ဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်းနှင့် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း စာကြည့်တိုက် အဆောက်အအုံအသစ်များ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ စာကြည့်တိုက်များအတွက် ပရိဘောဂ အထောက်အကူပြု ပစ္စည်းများ ဖြည့်ဆည်းပေးခြင်းနှင့် သုတ၊ ရသစာအုပ်စာပေများ လှူဒါန်းပေးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်ပေးသည့် စာကြည့်တိုက်ကို အကျိုးရှိစွာအသုံးချရေးနှင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စာကြည့်တိုက်နှင့်ပတ်သက်သည့် အချက်အလက်များကို အောင်ပဒေသာဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ကိုက လွှဲပြောင်းပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက လည်းကောင်း၊ စာကြည့်တိုက်အတွက် သာသနာ့ရောင်ခြည်နှင့် ယဉ်ကျေးလိမ္မာ စာအုပ်များကို တိုင်းဒေသကြီး သာသနာရေးမှူးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လည်းကောင်း လက်ခံယူသည်။

အဆိုပါမြတ်မွန်စာကြည့်တိုက်သစ်ကို နိုင်ငံတော်နှင့် ပြည်သူများမှ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ ဖြင့် ဖြည့်ဆည်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးအတွင်း စာကြည့်တိုက်အဆောက်အအုံသစ် ၂၁ တိုက်ကို ဖွင့်လှစ်ပေးမည်ဖြစ်ရာ ယခုစာကြည့်တိုက်အပါအဝင် စာကြည့်တိုက်သုံးတိုက်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

**မောင်ညီညာ**





# နေပြည်တော်ရဲ့ အထင်ကရလည်ပတ်စရာ လှေ့ခွင်းတောင်ပေါ်ဘုရားဆီ

■ ယဉ်လာဒ် ■

နေပြည်တော်ကို ရောက်ပြီဆိုတာနဲ့ အထင်ကရလည်ပတ်စရာနေရာတွေထဲကတစ်ခုဖြစ်ပြီး ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားတစ်ဆူလည်းဖြစ်တဲ့ လှေ့ခွင်းတောင်ဘုရားဆီကို ခရီးတစ်ထောက် သွားရောက်ဖူးမြော်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြချင်ပါတယ်။

နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ရွာမှာ တည်ရှိတဲ့ လှေ့ခွင်းတောင်ရဲ့ သမိုင်းကြောင်းက စိတ်ဝင်စားစရာတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒဏ္ဍာရီတွေများစွာရှိပြီး ဒေသခံတွေကတော့ လှေ့ခွင်းတောင်၊ လှေ့ထွင်းတောင်၊ လေတွင်းတောင်လို့ စတဲ့ အမည်နာမ အခေါ်အဝေါ်တွေ ရှိကြပါတယ်။ ပျဉ်းမနားမြို့ရဲ့ အရှေ့ဘက် ငါးမိုင်ခြောက်မိုင် အကွာမှာ ‘လှေ့ခွင်းတောင်’ တည်ရှိပါတယ်။

## ဒဏ္ဍာရီဆန်ဆန်သမိုင်းကြောင်းတွေ

ဒဏ္ဍာရီတွေအဆိုအရ သိုက်နန်းရှင်များနဲ့ ရွှေလှေ ငွေလှေများက တောင်ကို ခွင်းဝင် ပျောက်ကွယ်သွားတာကို အကြောင်းပြုပြီး လှေ့ခွင်းတောင်လို့ ခေါ်ကြတယ်လို့ ဒဏ္ဍာရီတွေရှိခဲ့ကြပါတယ်။ လှေ့ခွင်းတောင်တော်ရဲ့ သမိုင်းကြောင်းတွေကလည်း စိတ်ဝင်စားစရာကောင်းလှပါတယ်။ ဒီနေရာမှာ ရွှေလှေ ငွေလှေများ ခွင်းဝင် ပျောက်ကွယ်သွားတဲ့နေရာဖြစ်ပြီး ခွင်းဝင်ပျောက်ကွယ်သွားတဲ့ ကျောက်ကွဲကြောင်းကြီးတွေကလည်း အခုချိန်အထိ အထင်အရှားရှိနေသေးတယ်လို့ ဆိုကြပါတယ်။ သိုက်နန်းရှင်များနဲ့ ရွှေလှေ ငွေလှေများ ခွင်းဝင် ပျောက်ကွယ်သွားတာကို အကြောင်းပြုပြီး တောင်တော်ကို လှေ့ခွင်းတောင်ဟူ၍ လည်းကောင်း ရွှေလှေ ငွေလှေများ ထွင်းဝင်သွားရာ ကျောက်ကွဲကြီးမှာ ညီညာဖြောင့်တန်းစွာ ပိုင်းဖြတ်ထွင်းဖောက်ထားသည့်အလား တည်ရှိနေတာကို အကြောင်းပြုပြီး လှေ့ထွင်းတောင်ဟူ၍ လည်းကောင်း၊ တောင်တော်နှင့် နှစ်မိုင်ပတ်လည်မှာ ဆောင်းရာသီဆိုရင် အခြားအရပ်ဒေသများနှင့်မတူ ထူးခြားစွာ လေတိုက်ခတ်ခြင်းကို အကြောင်းပြုပြီး လေတွင်းတောင်ဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဆိုကြပါသေးတယ်။



ဒီလိုဒဏ္ဍာရီဆန်ဆန် သမိုင်းကြောင်းတွေတည်ရှိတဲ့ လှေ့ခွင်းတောင်ဘုရားဆီကို စာရေးသူ ပထမဆုံးအကြိမ် ရောက်ဖြစ်ခဲ့ပါတယ်။ လှေ့ခွင်းတောင်ခြေကနေ တောင်ပေါ်ကို ပြေးဆွဲပေးတဲ့ ဒိုင်နာကားနဲ့တစ်ဆင့် တက်ရောက်ဖူးမြော်ကြရပါတယ်။ တောင်တက်ကားခကတော့ တစ်ယောက်ကို ငွေကျပ် ၃၀၀၀ ပေးရပါတယ်။

တောင်တက် အကွေ့အကောက်တွေနဲ့ တောင်တက်ကားလေးစီးရတာက ကျိုက်ထီးရိုးတောင်ဆီ တက်ရောက်ဖူးရသလိုမျိုး၊ သံတောင်ကြီးဆီကို သွားရောက်ရသလိုမျိုး တောင်တက်ကားစီးရတဲ့ ခံစားမှုမျိုးကို ရရှိခံစားရပါတယ်။ လမ်းအကွေ့အကောက် ခပ်စိပ်စိပ်နဲ့ အေးမြတဲ့ လေနုအေးတွေက စိတ်အေးချမ်းသာစွာနဲ့ တောင်တက်ရတဲ့ ခံစားမှုကို ရရှိစေပါတယ်။

## သွားရေးလာရေးလည်း အဆင်ပြေ

တောင်တက် ကားလမ်းကလည်း ကွန်ကရစ်လမ်း ဖောက်လုပ်ထားတာမို့ သွားရေးလာရေးလည်း အဆင်ပြေချောမွေ့ပါတယ်။ ဒ့ါပြင် တောင်ပေါ်မှာ ကားရပ်နိုင်တဲ့ နေရာအကျယ်အဝန်းလည်းရှိတာမို့ ကိုယ်ပိုင်ကားတွေနဲ့လည်း တက်ရောက်ဖူးမြော်နိုင်ပါတယ်။ တောင်ထိပ်ပေါ်ရောက်တာနဲ့ မြင်တွေ့ရတဲ့ မြင်ကွင်းတွေက အေးချမ်းစေပါတယ်။ စိမ်းစိုနေတဲ့ မြင်ကွင်းတွေနဲ့ ပနံသင့်လှပါတယ်။ တောင်ပေါ်မှာ လှေ့ခွင်းတောင်ဘုရားကို ဖူးမြော်နိုင်တဲ့အပြင် တောင်ပေါ်ကျောင်းက ဘုန်းဘုန်းဆီ ဝင်ရောက်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းတွေ ကပ်လှူနိုင်ပါတယ်။ ဘုန်းဘုန်းကနေ ဧည့်ခံကျွေးမွေးတဲ့ ချင်းလက်ဖက်သုပ်လေးစားရင်း တောင်ပေါ်ရှုခင်းအလှတွေကို ကြည့်ရှုခံစားနိုင်ပါတယ်။ အေးအေးဆေးဆေးအနားယူပြီးသကာလ ကြည်ညိုဖွယ်ရာကောင်းလှတဲ့ လှေ့ခွင်းတောင်ဘုရားကို ဖူးမြော်နိုင်ပါတယ်။

ရင်ပြင်တော်က အတော်အသင့်ကျယ်ဝန်းပြီး လျှောက်လမ်းတွေနဲ့ လည်ပတ်လို့ရအောင် ပြုလုပ်ပေးထားပါတယ်။ လှေ့ခွင်းတောင်ဘုရားကို ဖူးမြော်ပြီးရင် ရွှေလှေ ငွေလှေ နှစ်စင်းဆီကို သွားရောက်ဖူးမြော်လည်ပတ်လို့ရပါတယ်။ အမျိုးသမီးတွေကတော့ တက်လို့မရပေမယ့် အမျိုးသားတွေကတော့ တက်ရောက်လို့ရပါတယ်။

## အမြင့်ဆုံးနေရာတစ်ခု

တောင်ပေါ်ကနေ မြင်ရတဲ့ ရှုခင်းတွေက သာယာလှပပါတယ်။ တစ်ဖက်မှာ အောက်ပေါင်းလောင်းဆည်ကို တွေ့မြင်ရပြီး ဓာတ်ပုံရိုက်ကူးလို့ရအောင် ခုံတန်းရှည်လေး ပြုလုပ်ပေးထားပါတယ်။ လှေ့ခွင်းတောင်ပေါ်ကနေ ကြည့်ရင် နေပြည်တော် ပျဉ်းမနား လွင်ပြင်တစ်ခုလုံးကို အပေါ်စီးက ကြည့်ခွင့်ရတဲ့ အမြင့်ဆုံးနေရာတစ်ခုလို့ဆိုရပါမယ်။

လှေ့ခွင်းတောင် အနီးမှာတော့ ပေါင်းလောင်းမြစ် (စစ်တောင်းမြစ်)ကို အခြေပြု၍ လှေ့ခွင်းတောင်အပန်းဖြေစခန်းမှာ မြစ်ကမ်းဘေး စားသောက်ဆိုင်တွေ၊ ရေကစားကွင်းတွေနဲ့ ရေလျှောလျှောတွေ ပြုလုပ်ထားပေမယ့် စာရေးသူတို့ကတော့ မရောက်ဖြစ်ခဲ့ပါဘူး။

## တောင်ငါးတောင်ဆီ အဓိဋ္ဌာန်မည်

ဒ့ါအပြင် နေပြည်တော်မှာရှိတဲ့ လက်လုပ်တောင်၊ စမတောင်၊ ဆင်ဖြူတောင်၊ လှေ့ခွင်းတောင်၊ လွှမ်းတောင် စတဲ့ တောင်ငါးတောင်ဆီကိုလည်း သွားရောက် ဖူးမြော်နိုင်ပါသေးတယ်။ ဒီတောင်ငါးတောင်ဆီကို နေ့ချင်းပြီး သွားရောက်ကာ အထူးအဓိဋ္ဌာန်ကျင့်ဆောင်သင့်တဲ့ အဓိဋ္ဌာန်ပြည့်ဝပြီး ကြီးမြတ်တဲ့နေရာဖြစ်တယ်လို့ သစ်တံခါးဆရာတော်ကြီးက မိန့်ကြားထားတယ်လို့ အဓိဋ္ဌာန် ဝင်ရောက်ခဲ့သူတွေက ဆိုကြပါတယ်။

ဒါကြောင့်မို့ မင်းနေပြည်တော်ဆီက အထင်ကရ ဘုရားတစ်ဆူဖြစ်ပြီး သမိုင်းကြောင်းဒဏ္ဍာရီတွေ များစွာရှိလှတဲ့ လှေ့ခွင်းတောင်ဘုရားဆီကို သွားရောက်လည်ပတ်ဖူးမြော်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြလိုက်ပါတယ်။ ။

> တောင်တက် အကွေ့အကောက်တွေနဲ့ တောင်တက်ကားလေးစီးရတာက ကျိုက်ထီးရိုးတောင်ဆီ တက်ရောက်ဖူးရသလိုမျိုး၊ သံတောင်ကြီးဆီကို သွားရောက်ရသလိုမျိုး တောင်တက်ကားစီးရတဲ့ ခံစားမှုမျိုးကို ရရှိခံစားရပါတယ်။ လမ်းအကွေ့အကောက် ခပ်စိပ်စိပ်နဲ့ အေးမြတဲ့ လေနုအေးတွေက စိတ်အေးချမ်းသာစွာနဲ့ တောင်တက်ရတဲ့ ခံစားမှုကို ရရှိစေပါတယ်

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့် ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။ (လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

၅ - ၁၀ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၃၀ | ၂၆၁၀၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၁ | ၃၄၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀ | ၁၉၀၀ | ၇၇၅ | ၁၄၇၂၄၅၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၀၁ | ၁၁၀၂၇၅၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၆၄၄ | ၁၀၉၄၈၀၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၄၀၀ | ၃၄၀၀ | ၄၇၇၅ | ၁၆၂၃၅၀၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၀ | ၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid(SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh(Dust Analyzer– 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS)နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide($NO_2$)၊ Ozone($O_3$) နှင့် Carbon Monoxide(CO)စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ</th><th>ဆာလဖာ ဒိုင် အောက် ဆိုက်</th><th>နိုက်ထရိုဂျင် ဒိုင် အောက် ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန် မို နောက် ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့</td><td>လက်ခံ နိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>လဟယ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံ နိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံ နိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံ နိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄–၃–၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ် (၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့် လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇–၃၄၃၀၁၈၄၊ ၀၆၇–၃၄၃၀၂၂၉၊ ၀၆၇–၃၄၃၀၂၇၄ နှင့် E–mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

# နေရပ်ပြန်ရန် တောင့်တနေကြသည့် ဆီးရီးယားရောက် လက်ဘနွန် ဒုက္ခသည်များ

နှင်းမိုးအိမ်

ဆီးရီးယားနိုင်ငံ ဟွမ်းပြည်နယ်ရဲ့ ကျေးလက်ဒေသက တိတ်ဆိတ်တဲ့ မြို့လေးမှာ လက်ဘနွန်ဒုက္ခသည်တွေ ရွှေ့ပြောင်းနေထိုင်နေကြရပါတယ်။ အစ္စရေးတပ်မတော်ရဲ့ ဟစ်ဇ်ဘိုလာအုပ်စုအပေါ် လေကြောင်းကနေ တိုက်ခိုက်မှုတွေ အရှိန်အဟုန်မြင့်မားနေတဲ့အချိန် နေ့နေ့ညည အင်အားပြင်းထန်တဲ့ ပေါက်ကွဲမှုတွေကြားက ယာယီလုံခြုံမှုရရှိနိုင်ရေး လက်ဘနွန်က နေရပ်စွန့်ခွာပြည်သူတွေဟာ ဆီးရီးယားမှာ လာရောက်ခိုလှုံနေထိုင်နေရပါတယ်။




### ကလေးတွေအတွက်လုံခြုံမှုမရှိ

အသက် ၄၀ ဝန်းကျင်ရှိပြီဖြစ်တဲ့ ဟူဒါအာမန်ဆိုတဲ့ အမျိုးသမီးကတော့ သူ့ရဲ့ကလေးနှစ်ယောက်နဲ့အတူ ခင်ပွန်းသည်ကိုချန်ထားကာ လက်ဘနွန်ကနေ ထွက်ပြေးလာခဲ့ပါတယ်။

ပြင်းထန်တဲ့ လေကြောင်းတိုက်ခိုက်မှုတွေကြားမှာ ကိုယ့်အိမ်မှာကိုယ်ပဲ ကြွံကြွံခံနေထိုင်ခဲ့ပေမယ့် ဘဝမှာ အဆက်မပြတ် ကြောက်ရွံ့မှုတွေနဲ့ ရင်ဆိုင်လာရချိန်မှာတော့ အရှုံးပေး ထွက်ပြေးခဲ့ရပါတယ်လို့ ဟူဒါအာမန်က ဆင်ဟွာကိုပြောပါတယ်။ ဒီနေရာကို ရောက်ရှိနေတာ တစ်ပတ်နီးပါးရှိပြီဖြစ်ပြီး အမိမြေဟာ ကလေးတွေအတွက် မလုံခြုံတော့ဘူးလို့ သူက ဆက်ပြောပါတယ်။

### ပြင်ဆင်ပေးထား

မကြာခင် ကိုယ့်ရွာကိုပြန်နိုင်မယ်လို့ သူက တွေးထင်ထားပါတယ်။ ဘယ်နေရာကြီးမှာပဲ ရောက်နေရောက်နေ ကိုယ့်အိမ်ဆိုတဲ့ခံစားချက်ကို တွေ့မရပါဘူး၊ ဒီနေရာမှာနေရတာ သက်သောင့်သက်သာရှိတယ်၊ အဆင်ပြေအောင်လုပ်ပေးထားပေမယ့် လက်ဘနွန်ကအိမ်ကိုလွမ်းတယ်လို့ သူကဆက်ပြောပါတယ်။

ခိုလှုံရာနေရာအဖြစ် ပြောင်းလဲပေးထားတဲ့နေရာမှာ နေရာထိုင်ခင်းတွေ ပြင်ဆင်ပေးထားပါတယ်။ နေရပ်စွန့်ခွာထွက်ပြေးလာတဲ့မိသားစုတွေ အိပ်စက်ဖို့အတွက် ကြမ်းပြင်ပေါ်မှ မွေ့ရာတွေချထားပေးပြီး စစ်ပွဲတွေကြောင့်ရရှိတဲ့ စိတ်ဒဏ်ရာကနေ ကလေးတွေ သက်သာရာရအောင် ဒေသခံအဖွဲ့အစည်းတွေက ကလေးတွေအတွက် လှုပ်ရှားမှုအစီအစဉ်လေးတွေ ပြုလုပ်ပေးကြပါတယ်။

### စွန့်ခွာထွက်ပြေးခဲ့ရ

အသက် ၁၇ နှစ်အရွယ် ခေါလာအယ်အာမာက ဟာမဲလ်မြို့ကနေ မိဘနှစ်ပါး၊ ညီမငယ်နှစ်ယောက်နဲ့အတူ ထွက်ပြေးလာသူဖြစ်ပါတယ်။

အဆက်မပြတ် ဗုံးကြဲတိုက်ခိုက်မှုတွေကြောင့် နေအိမ်ကနေ စွန့်ခွာထွက်ပြေးခဲ့ရတယ်လို့ ဆင်ဟွာကိုပြောပါတယ်။ ဒီလိုထွက်ပြေးလာစဉ် ညီမငယ်အတွက် စိတ်ပူရကြောင်း သူမြင်ခဲ့သမျှကြားခဲ့ရသမျှ အရာရာတိုင်းအတွက် စိတ်ဖိစီးမှုဖြစ်ပေါ်မှာကို စိုးရိမ်ကြောက်ရွံ့မိတယ်လို့ သူကဆက်ပြောပါတယ်။ တိုက်ပွဲတွေပြီးဆုံးပြီး အေးအေးချမ်းချမ်း ကိုယ့်အိမ်ကို ပြန်ချင်တာပါပဲလို့ အယ်-အာမာက ပြောပါတယ်။

### လက်ဘနွန်မိသားစုတွေ ခိုလှုံနေထိုင်

သူတို့ အခုခိုလှုံနေထိုင်ရာနေရာကတော့ လက်ဘနွန်နယ်စပ်ကနေ ကီလိုမီတာ အနည်းငယ်သာကွာဝေးတဲ့ ရက်ဘလာမြို့မှာ တည်ရှိပါတယ်။ လက်ဘနွန်မိသားစုဝင်တွေ ဒီမြို့မှာ လာရောက် ခိုလှုံနေထိုင်နေကြကာ မိသားစုပေါင်း ၂၁၃ စုကို လက်ခံထားရှိပြီး လူဦးရေအားဖြင့် ၁၁၇၀ ကို ခိုလှုံရာနေရာတွေမှာ လက်ခံထားရှိတယ်လို့ ရက်ဘလာမြို့ ဒေသခံကောင်စီ အကြီးအကဲဖြစ်သူ ဇာကာရီယာဖေယက်က ပြောပါတယ်။

လက်ဘနွန်ကနေ ဆီးရီးယားကို ပြောင်းရွှေ့လာတဲ့ လူပေါင်း ၁၀၀၀၀၀ ကျော်ရှိပါတယ်။

### လူပေါင်း ၂၀၀၀၀၀ကျော် နေရပ်စွန့်ခွာ

အစ္စရေးကနေ ထုတ်ပြန်ထားတဲ့ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရန် အမိန့်ကြောင့် လက်ဘနွန်တောင်ပိုင်းဒေသက လူပေါင်း ၂၀၀၀၀၀ ကျော်ဟာ နေရပ်စွန့်ခွာခဲ့ရတယ်လို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်း ဒူဂျာရစ်က စက်တင်ဘာ ၂၉ ရက်မှာ ပြောပါတယ်။

အစ္စရေးဘက်ကနေ လက်ဘနွန်မှာ ရှိနေတဲ့ ဟစ်ဇ်ဘိုလာအုပ်စုကို တိုက်ခိုက်နေမှုဟာ စက်တင်ဘာ လလယ်ကတည်းက လျော့ကျသွားတဲ့ အရိပ်အယောင်မရှိတဲ့အတွက် ရွှေ့ပြောင်းနေထိုင်ရတဲ့ လူဦးရေဟာ တိုးလာဦးမယ်လို့ မျှော်လင့်ရပါတယ်။

> ❒ အစ္စရေးကတော့ ဟစ်ဇ်ဘိုလာအုပ်စုကို လေကြောင်းကသော်လည်းကောင်း၊ မြေပြင်ကသော်လည်းကောင်း တိုက်ခိုက်မှုတွေ အရှိန်လျော့မသွားသေးပါဘူး။ ဟစ်ဇ်ဘိုလာတွေဟာ လက်ဘနွန်ကနေ အစ္စရေးဘက်ကို ဒုံးကျည်အစင်း ၁၀၀ ခန့် ပစ်လွှတ်ခဲ့တယ်လို့ပြောပါတယ်။ ဟစ်ဇ်ဘိုလာအုပ်စုရဲ့ စစ်ဘက်ဆိုင်ရာ ပစ်မှတ် ၂၀၀၀ ကျော်ကို အစ္စရေးတပ်ဖွဲ့ဝင်တွေက တိုက်ခိုက်ခဲ့ကြောင်း အစ္စရေး အရာရှိများက ပြောပါတယ်။

### သေချာရေရာမှု မရှိနိုင်သေး

ရွှေ့ပြောင်းနေထိုင်ရတဲ့ လူဦးရေ တိုးပွားလာပေမယ့် ဒေသခံအဖွဲ့အစည်းတွေဟာ ခိုလှုံရာရှာဖွေဖို့ ပြောင်းရွှေ့လာကြတဲ့လူတွေအပေါ် တတ်နိုင်သမျှ အစွမ်းကုန် ကူညီပေးနေကြပါတယ်။ သို့ပေမယ့် ဒုက္ခသည်တွေအတွက်ကတော့၊ အခြေအနေတွေကတော့ သေချာရေရာမှု မရှိနိုင်သေးပါဘူး။

### အရှိန်လျော့မသွား

အစ္စရေးကတော့ ဟစ်ဇ်ဘိုလာအုပ်စုကို လေကြောင်းကသော်လည်းကောင်း၊ မြေပြင်ကသော်လည်းကောင်း တိုက်ခိုက်မှုတွေ အရှိန်လျော့မသွားသေးပါဘူး။

ဟစ်ဇ်ဘိုလာတွေဟာ လက်ဘနွန်ကနေ အစ္စရေးဘက်ကို ဒုံးကျည်အစင်း ၁၀၀ ခန့် ပစ်လွှတ်ခဲ့တယ်လို့ပြောပါတယ်။ ဟစ်ဇ်ဘိုလာအုပ်စုရဲ့ စစ်ဘက်ဆိုင်ရာ ပစ်မှတ်၂၀၀၀ ကျော်ကို အစ္စရေးတပ်ဖွဲ့ဝင်တွေက တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးအရာရှိများက ပြောပါတယ်။ ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမား ၂၅၀ ခန့် သေဆုံးခဲ့တယ်လို့လည်း ၎င်းတို့က ဆက်ပြောပါတယ်။

### ဗုံးကြဲတိုက်ခိုက်

တခြားဘက်မှာ ဆိုရင်လည်း ဟစ်ဇ်ဘိုလာအုပ်စုဟာ အစ္စရေးကို စဉ်ဆက်မပြတ် တိုက်ခိုက်မှုတွေပြုလုပ်ခဲ့ကြောင်း ပြောခဲ့ပါတယ်။ အဲဒီလို တိုက်ခိုက်မှုတွေအတွင်း လူအချို့သေဆုံးပြီး ဒဏ်ရာရရှိခဲ့ကြောင်း ဟစ်ဇ်ဘိုလာဘက်ကပြောပါတယ်။ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့အနီးမှာရှိတဲ့ မြေအောက်ဘန်ကာတစ်ခုကို အစ္စရေးအရာရှိတွေက ဗုံးကြဲတိုက်ခိုက်ခဲ့တယ်လို့ နယူးယောက်တိုင်းမ်စ်မှာ ဖော်ပြထားပါတယ်။

### ဆက်ခံသူဟုယူဆရ

ဟစ်ဇ်ဘိုလာ အကြီးတန်းအရာရှိတွေ အဲဒီနေရာမှာအစည်းအဝေးပြုလုပ်နေကြတယ်လို့ သတင်းရရှိခဲ့ပါတယ်။ ၎င်းတို့ထဲကတစ်ယောက်ဟာ ပြီးခဲ့တဲ့လအတွင်း အစ္စရေးတို့ရဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့တဲ့ ဟစ်ဇ်ဘိုလာအဖွဲ့ခေါင်းဆောင် ဟာဆန်နာစရယ်လာရဲ့ ဆက်ခံသူလို့ ယူဆရကြောင်း နယူးယောက်တိုင်းမ်စ်ရဲ့ ဆောင်းပါးမှာ ဖော်ပြထားပါတယ်။

### တစ်သန်းကျော်နီးပါးနေရပ်စွန့်ခွာ

လက်ဘနွန်မှာတော့ လူဦးရေ တစ်သန်းကျော်နီးပါးဟာ သူတို့ရဲ့နေအိမ်တွေကနေစွန့်ခွာပြီး ထွက်ပြေးကြဖို့ ဖိအားပေးခံနေရပါတယ်။

အစိုးရကနေ တည်ဆောက်ပေးထားတဲ့ ခိုလှုံရာနေရာ ၉၀၀ နီးပါးအနက် အများစုမှာ လူတွေပြည့်နေကြပါပြီ၊ ဒီအတွက်ကြောင့် ပန်းခြံတွေ၊ လမ်းမတွေမှာ အိပ်နေကြရတဲ့ လူတွေလည်းရှိတယ်လို့ ကုလသမဂ္ဂ တာဝန်ရှိသူတွေက ပြောပါတယ်။

**ကိုးကား – ဆင်ဟွာ**



ဆီးရီးယားနိုင်ငံ ဟွမ်းပြည်နယ်ရှိ ခိုလှုံရာနေရာ၌ လက်ဘနွန်ဒုက္ခသည်များကို အောက်တိုဘာ ၂ ရက်က တွေ့ရစဉ်။

အောက်တိုဘာ ၆ ရက် (ယနေ့) မှာ ပရီမီယာလိဂ်ပွဲစဉ် (၇) မှ ပွဲစဉ် သုံးပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ မန်ယူ၊ ချယ်ဆီး၊ စပါးအသင်းတို့ ပါဝင်နေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းရပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲဆိုတာ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

| ပရီမီယာလိဂ် ပွဲစဉ် (၇) | |
|---|---|
| ၆-၁၀-၂၀၂၄ | တနင်္ဂနွေနေ့ |
| ဗီလာ - မန်ယူ | ည ၇း၃၀ |
| ချယ်ဆီး - နော်တင်ဟမ် | ည ၇း၃၀ |
| ဘရိုက်တန် - စပါး | ည ၁၀း၀၀ |

# တိုက်စစ်ထက်မြက်တဲ့ ဗီလာကို မန်ယူအသင်း ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ်ရှိ

■ မိုးဇက် - စုစည်းသည်

## အက်စ်တွန်ဗီလာ VS မန်ယူ




ဝက်ကင်စ်
ဗီလာ (တိုက်စစ်)
၆ ပွဲကစား၊ ၄ ဂိုးသွင်း

ဗီလာက တိုက်စစ်အကောင်းဆုံးအသင်းထဲ ပါဝင်နေပြီး မန်ယူက တိုက်စစ်အဆိုးရွားဆုံးအသင်းထဲ ပါဝင်နေတယ်။ ဒါ့အပြင် မန်ယူက နောက်ဆုံး ကစားခဲ့တဲ့ လေးပွဲမှာ နိုင်ပွဲရရှိထားခြင်းမရှိဘဲ တစ်ပွဲရှုံးပြီး သုံးပွဲသရေကျထားတဲ့အထိ ခြေစွမ်းကျဆင်းနေတယ်။ ဗီလာကနောက်ဆုံး လေးပွဲမှာ ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ ဂျာမန်နာမည်ကြီး ဘိုင်ယန်မြူးနစ်အပါအဝင် သုံးပွဲအထိ နိုင်ပွဲရယူထားနိုင်တယ်။ ဖိအားအောက်က ရုန်းထွက်ဖို့ ကြိုးစားလာမယ့် နည်းပြတန်ဟက်ရဲ့ မန်ယူအသင်း ခြေစွမ်းထက်မြက်နေတဲ့ ဗီလာကို အနိုင်ယူဖို့ မလွယ်ဘူး။

ဗီလာနဲ့ မန်ယူအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| ဗီလာ | ၁ - ၂ | မန်ယူ | ပရီမီယာလိဂ် |
| မန်ယူ | ၃ - ၂ | ဗီလာ | ပရီမီယာလိဂ် |
| မန်ယူ | ၁ - ၀ | ဗီလာ | ပရီမီယာလိဂ် |




ရက်ဖို့ဒ်
မန်ယူ (တိုက်စစ်)
၆ ပွဲကစား၊ ၁ ဂိုးသွင်း

## ချယ်ဆီး VS နော်တင်ဟမ်



ပဲလ်မာ
ချယ်ဆီး (တိုက်စစ်)
၆ ပွဲကစား၊ ၆ ဂိုးသွင်း

ချယ်ဆီးက တိုက်စစ်ကစားသမား ပဲလ်မာခြေစွမ်းပြမှုနဲ့အတူ ရလဒ်ကောင်းတွေရရှိနေတယ်။ နော်တင်ဟမ်က နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တယ်။ နော်တင်ဟမ်က အသင်းကစားဟန် ကျစ်လျစ်မှုရှိတယ်ဆိုပေမယ့် တိုက်စစ်၊ ခံစစ် သာလွန်မှုရှိတဲ့ ချယ်ဆီးကို အမြင့်ဆုံး အခက်တွေ့အောင်သာ ကစားနိုင်ဖွယ်ရှိတယ်။ ချယ်ဆီးက အမှတ်ပေးဇယားဦးဆောင်သူကို အနီးကပ်ဖိအားပေးနိုင်ဖို့ ဒီပွဲစဉ်ကို အမှားခံမှာမဟုတ်ဘဲ ခြေကုန်ထုတ်လာမှာ သေချာတယ်။ ချယ်ဆီးက မနိုင်ရင်တောင် သရေနဲ့ အဆုံးသတ်ဖွယ်ရှိတယ်။

ချယ်ဆီးနဲ့ နော်တင်ဟမ်အသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| နော်တင်ဟမ် | ၂ - ၃ | ချယ်ဆီး | ပရီမီယာလိဂ် |
| ချယ်ဆီး | ၀ - ၁ | နော်တင်ဟမ် | ပရီမီယာလိဂ် |
| ချယ်ဆီး | ၂ - ၂ | နော်တင်ဟမ် | ပရီမီယာလိဂ် |



ခရစ္စဝုဒ်
နော်တင်ဟမ် (တိုက်စစ်)
၆ ပွဲကစား၊ ၃ ဂိုးသွင်း

## ဘရိုက်တန် VS စပါး



ဝဲလ်ဘတ်
ဘရိုက်တန် (တိုက်စစ်)
၆ ပွဲကစား၊ ၃ ဂိုးသွင်း

ဘရိုတ်တန်မှာ တိုက်စစ်က ဝဲလ်ဘတ် ခြေစွမ်းပြနေပြီး ခြောက်ပွဲမှာ သုံးဂိုးသွင်းယူထားနိုင်တယ်။ စပါးမှာ အားထားရတဲ့ တိုက်စစ်ကစားသမား ဆွန်ဟောင်မင်ရှိပြီး ငါးပွဲမှာ နှစ်ဂိုးသွင်းယူပေးထားနိုင်တယ်။ နှစ်သင်းကြား ရမှတ်ကွာဟမှုနဲ့ တိုက်စစ်၊ ခံစစ်စွမ်းဆောင်ရည်ပိုင်းမှာ ကွာခြားမှု သိပ်မရှိဘူး။ ဒါပေမယ့် နောက်ဆုံးသုံးကြိမ်ထိပ်တိုက်တွေ့ဆုံမှုမှာ စပါးအသင်းက နှစ်ကြိမ် နိုင်ပွဲရရှိထားတယ်။ မည်သို့ပင်ဆိုစေ နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်ဖို့ ကြိုးစားလာမယ့် ဘရိုက်တန်ကြောင့် စပါးအသင်း အခက်တွေ့နိုင်တယ်။

ဘရိုက်တန်နဲ့ စပါးအသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| စပါး | ၂ - ၁ | ဘရိုက်တန် | ပရီမီယာလိဂ် |
| ဘရိုက်တန် | ၄ - ၂ | စပါး | ပရီမီယာလိဂ် |
| စပါး | ၂ - ၁ | ဘရိုက်တန် | ပရီမီယာလိဂ် |




ဆွန်ဟောင်မင်
စပါး (တိုက်စစ်)
၅ ပွဲကစား၊ ၂ ဂိုးသွင်း



## တားမြစ်ဆေးသုံးစွဲမှုကြောင့် ပေါ့ဂ်ဘာ၏ လေးနှစ်ကြာ ပွဲကစားခွင့် ပိတ်ပင်ခံထားမှုကို ၁၈ လသို့ လျှော့ချ

အားကစားခုံရုံးသို့ အယူခံဝင်မှုအောင်မြင်ခဲ့ပြီးနောက် တားမြစ်ဆေးသုံးစွဲမှုအတွက် လေးနှစ်ကြာ ပွဲကစားခွင့် ပိတ်ပင်ခံထားမှုကို ၁၈ လသို့ လျှော့ချလိုက်သောကြောင့် အိပ်မက်ဆိုးများ ပြီးဆုံးသွားပြီဟု ဂျူဗင်တပ်စ်ကွင်းလယ် ကစားသမား ပေါလ်ပေါ့ဂ်ဘာက ပြောကြားလိုက်သည်။

ထို့ကြောင့် အသက် ၃၁ နှစ်အရွယ် ဂျူဗင်တပ်စ်ကွင်းလယ် ကစားသမား ပေါ့ဂ်ဘာသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် လေ့ကျင့်ခန်း ပြန်လည်ဆင်းနိုင်မည်ဖြစ်ပြီး မတ်လတွင် အသင်းအတွက် ပြန်လည်ကစားပေးနိုင်တော့မည်ဖြစ်သည်။ ပေါ့ဂ်ဘာနှင့် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ၂၀၂၆ ခုနှစ် ဇွန်လအထိ ဖြစ်သည်။

ပေါ့ဂ်ဘာသည် မန်ယူအသင်းအတွက် ပွဲပေါင်း ၂၃၃ ပွဲ ပါဝင်ကစားထားသူဖြစ်သည်။ ၎င်းကို ၂၀၂၂ ခုနှစ်တွင် ဂျူဗင်တပ်စ်အသင်းက ပြန်လည်စာချုပ်ခေါ်ယူခဲ့သည်။ ၎င်းသည် ဂျူဗင်တပ်စ်အသင်းတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကစားခဲ့ဖူးသူလည်း ဖြစ်သည်။

❑ *ကျော့ဖုံးမှ*

တိုက်စစ်၊ ခံစစ်သာလွန်မှုရှိသည့် လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို ပွဲချိန်တစ်လျှောက် တစ်ဖက်သတ် ဖိအားပေး ကစားနိုင်ခဲ့သည်။ ပြိုင်ဘက်ပဲလေ့စ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကလည်း ထိရောက်မှုရှိခဲ့ပြီး လီဗာပူးအသင်းခံစစ်နှင့် ဂိုးသမားတို့အတွက် အခက်တွေ့စေခဲ့သည်။

### ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရ

လီဗာပူးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ကိုးမိနစ်တွင် ရရှိခဲ့ပြီး တိုက်စစ်ကစားသမား ဂျိုတာက သွင်းယူပေးခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် လူစားပြောင်းလဲမှုများ ပြုလုပ်ကာ ချေပဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ချေ။

လီဗာပူးအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ်ပွဲစဉ် (၇) အပြီးတွင် ရမှတ် ၁၈ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် ခရစ္စတယ်ပဲလေ့စ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် သရေသုံးပွဲနှင့် ရှုံးပွဲ လေးပွဲအထိ ရှိလာပြီ ဖြစ်သည်။

### အခြားပွဲစဉ်ရလဒ်များ

အခြားပွဲစဉ်များတွင် အာဆင်နယ်က ဆောက်သမ်တန်ကို သုံးဂိုး-တစ်ဂိုး၊ လက်စတာက ဘုန်းမောက်ကို တစ်ဂိုး-ဂိုးမရှိ၊ မန်စီးတီးက ဖူလ်ဟမ်ကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။

ဘရန့်ဖို့နှင့် ဝုလ်တို့ပွဲမှာ ဂိုးအပြိုင်အဆိုင်သွင်းပြီး ဘရန့်ဖို့က ဝုလ်ကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ဝက်စ်ဟမ်းကလည်း အစ်ဆွစ်ချ်ကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

အောင်ဇော်

## တရုတ်အိုးပင်းပြိုင်ပွဲတွင် နာမည်ကြီး စဘယ်လင်ကာကို အနိုင်ယူပြီး မူချိုဗာ နောက်တစ်ဆင့်တက်လှမ်း

တရုတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ချက်ဇ်တင်းနစ်မယ် မူချိုဗာသည် နာမည်ကြီး ဘီလာရုဇ်တင်းနစ်မယ် အရှိုင်နာ စဘယ်လင်ကာကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

ယင်းပွဲစဉ်တွင် မူချိုဗာသည် ပြိုင်ဘက်ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး ၇-၆ (၇-၅)၊ ၂-၆၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ၎င်းသည် ဆီမီးဖိုင်နယ်တွင် တရုတ်တင်းနစ်မယ် ရှောင်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ရှောင်သည် ကွာတားဖိုင်နယ်တွင် အန်ဒရီဗာကို ၅-၇၊ ၆-၀၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။



## ဘာဒိုဆာကို အနိုင်ယူပြီး တရုတ်အိုးပင်းဗိုလ်လုပွဲသို့ ကိုကိုဂေါ့ဖ် တက်လှမ်း

အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်သည် တရုတ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ပြိုင်ဘက် စပိန်တင်းနစ်မယ် ဘာဒိုဆာကို အကြိတ်အနယ်ကစားပြီး ၄-၆၊ ၆-၄၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အသက် ၂၀ အရွယ် ကိုကိုဂေါ့ဖ်သည် တရုတ်အိုးပင်းပြိုင်ပွဲတွင် နာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ဘော်လ်တာ၊ အိုဆာကာ၊ ယူလီယာတို့ကို အနိုင်ယူ ကျော်ဖြတ်ထားနိုင်သူလည်း ဖြစ်သည်။ ၎င်းသည် ဗိုလ်လုပွဲတွင် ချက်ဇ်တင်းနစ်မယ် မူချိုဗာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

# မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား အမျိုးသားဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ



**မော်လမြိုင် အောက်တိုဘာ ၅**

မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား အမျိုးသားဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲစဉ်အဖြစ် အကယ်ဒမီကလပ်ပိုက်ကျော်ခြင်းအသင်းနှင့် မိုးကလပ်ပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများက အမျိုးသားနှစ်ယောက်တွဲ၊ သုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်အသင်းများအား လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ဒုတိယနှင့် တတိယဆုရရှိကြသည့် ပြိုင်ပွဲဝင်အသင်းများအား လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲ၊ သုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် ပိုက်ကျော်ခြင်းအားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**



# တရားရုံးများသို့အကြောင်းအမျိုးမျိုးကြောင့် မတင်ပို့နိုင်သောသက်သေခံပစ္စည်းများအား အစီရင်ခံစာဖြင့် တရားစွဲအဖွဲ့အစည်းများမှ တင်ပြရာတွင် လိုက်နာရမည့်အချက်များလုပ်ငန်းညှိနှိုင်းစည်းဝေး

**ထားဝယ် အောက်တိုဘာ ၅**

တရားရုံးများသို့ အကြောင်းအမျိုးမျိုးကြောင့် မတင်ပို့နိုင်သောသက်သေခံပစ္စည်းများအား အစီရင်ခံစာဖြင့် တရားစွဲအဖွဲ့အစည်းများက တင်ပြရာတွင် လိုက်နာရမည့်အချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်ပိုက်ပိုက်အေးက တရားရုံးများသို့ အကြောင်းအမျိုးမျိုးကြောင့် မတင်ပို့နိုင်သောသက်သေခံပစ္စည်းများအား အစီရင်ခံစာဖြင့် တရားစွဲအဖွဲ့အစည်းများက တင်ပြရာတွင် ပူးတွဲပါရှိရမည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၄ ပါ ပုံစံ ၁၊ ၂ တို့အား ပြည့်စုံစွာပါရှိရမည်ဖြစ်ကြောင်း၊ သက်သေခံပစ္စည်း၊ ယာဉ်၊ စက်လှေများ၊ တန်ဖိုးလျော့နည်းဆုံးရှုံးပျက်စီးမှု မရှိစေရေး တရားရုံးများအနေဖြင့် သက်သေခံယာဉ်ပါဝင်သော အမှုများကိုခြောက်လအတွင်း ပြီးပြတ်စေရေးဆောင်ရွက်ရန် ဘဏ္ဍာသိမ်း သက်သေခံယာဉ်များကို တန်ဖိုးလျော့နည်း ဆုံးရှုံးပျက်စီးမှုမရှိစေရေးအတွက် ဆောလျင်စွာ စီမံခန့်ခွဲရန်အတွက် တရားရုံးများနှင့် သက်ဆိုင်ရာသက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီများတွင် တာဝန်ရှိကြောင်း၊ သို့ဖြစ်၍ သက်သေခံပစ္စည်းများ တန်ဖိုးလျော့နည်း ဆုံးရှုံးပျက်စီးမှုမရှိစေရေးအတွက် ဆက်စပ်တရားစွဲ အဖွဲ့အစည်းများ သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီများက တရားရုံးများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးဥပဒေချုပ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက တရားသူကြီးချုပ်၏ ပြောကြားချက်အပေါ် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးကြရာ တရားသူကြီးချုပ်က ၎င်းတို့၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို အောက်တိုဘာ ၅ ရက်က အမှတ် (၁၀) ရပ်ကွက်အတွင်း ကွင်းဆင်းကောက်ယူနေမှုကို ခရိုင်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး ဒေါ်တင်မိုးမိုးအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်မောင်နှင့် တာဝန်ရှိသူများ ကြီးကြပ်အားပေးစဉ်။

ခင်ဝင်း(ပြန်/ဆက်)





ကယားပြည်နယ် လွိုင်ကော်မြို့နယ်၌ ကောက်ကွက်ပေါင်း ၂၉၉ ကွက်ရှိပြီး အောက်တိုဘာ ၁ ရက်မှစ၍ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၅ ရက်က လွိုင်ကော်မြို့ နမ့်ဘော်ဝမ်(က)ရပ်ကွက်တွင် စာရင်းစစ်၊ စာရင်းကောက်များက ဆောင်ရွက်နေမှုကို ပြည်နယ်ဦးစီးမှူး ဦးရဲရင့်ထွန်းနှင့် တာဝန်ရှိသူများက ကြီးကြပ်အားပေးစဉ်။ ကိုတွတ်(ပြန်/ဆက်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို အောက်တိုဘာ ၅ ရက်က ပဉ္စမနေ့အဖြစ် ဆက်လက်ကောက်ယူလျက်ရှိရာ တာဝန်ရှိသူများ ကြီးကြပ်အားပေးစဉ်။

မြို့နယ်(ပြန်/ဆက်)



# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရသည်။



တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း သတင်းရရှိမှု (၉၅)ကြိမ်ရရှိခဲ့ပြီး သတင်းမှား (၄၅)ကြိမ်၊ နောက်ကျသတင်း တစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု (၄၉)ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ(၈၃)မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၅၅ မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးကျပ် ၂၁၀၂ ဒသမ ၈၆၄ သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးကျပ် ၂၁၀၂ ဒသမ ၈၆၄ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၄၂၀ ဒသမ ၅၇၃ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှလည်း မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegal-tradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်မြတ်သည့်ပရဟိတစိတ်ထားများဖြင့် အခက်အခဲကို ကျော်လွှား

အေးချမ်းသူ

တိုင်ဖွန်းမုန်တိုင်းရာဂီရဲ့ နောက်ဆက်တွဲ အကျိုးဆက်ကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်မှုနဲ့အတူ သဘာဝဘေးဒဏ်ကို နေပြည်တော်နဲ့ မြို့နယ်အချို့မှာ ရှိတဲ့ ပြည်သူတွေဟာ အသက်အိုးအိမ်ဆုံးရှုံးမှုတွေနဲ့ အခက်အခဲအကျပ်အတည်းမျိုးစုံ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါတယ်။ အခုလို သဘာဝဘေးတွေ၊ ကိုဗစ်–၁၉ လို ကမ္ဘာ့ကပ်ရောဂါဘေး အရေးပေါ်အခြေအနေတွေနဲ့ ကြုံတွေ့ရချိန်တွေမှာ ပြည်သူတွေရဲ့အခက်အခဲ၊ အကျပ်အတည်းတွေကို စာနာနားလည် မျှဝေခံစားကာ တတ်အားသရွေ့ စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးနေကြသူတွေကတော့ မွန်မြတ်လှတဲ့ ပရဟိတသမားတွေပဲ ဖြစ်ပါတယ်။

**ပရ** ဆိုတာ မိမိမှတခြား သူတစ်ပါးဖြစ်ပြီး **ဟိတ** ဆိုတာ အကျိုးစီးပွားဟူ၍ ဖွင့်ဆိုထားပြီး ပရဟိတဟုဆိုရာမှာ အများအကျိုးကို သယ်ပိုးဆောင်ရွက်ခြင်းဟူ၍ ဖွင့်ဆိုထားပါတယ်။ ဓမ္မစာပေများမှာ မိမိဆွေမျိုးမိတ်ဆွေ သူငယ်ချင်းတွေကို ကူညီတဲ့အလှူကို ရိုးရိုးပရဟိတ၊ မိမိနဲ့သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လိုအပ်နေသူကို ဆင်းရဲချမ်းသာမရွေး ပေးလှူတဲ့အလှူမျိုးကို ထိုထက်မြတ်သော ပရဟိတနဲ့ မိမိဆွေမျိုးဖြစ်စေ၊ အခြားသူစိမ်းတွေကိုဖြစ်စေ မည်သည့်အကျိုးကိုမျှ မမျှော်ကိုးဘဲ ပေးလှူတဲ့ အလှူမျိုးကိုတော့ အမွန်မြတ်ဆုံးသော ပရဟိတဟူ၍ ပရဟိတကို သုံးမျိုးခွဲခြားခေါ်ဝေါ်ထားပါတယ်။

## ကွက်လပ်လေးတွေကို အားဖြည့်ကူညီ

ပရဟိတလုပ်တယ်ဆိုတာ ပရဟိတလုပ်ငန်းလုပ်ကိုင်တဲ့ အဖွဲ့အစည်းကြီးမှ၊ ငွေအမြောက်အမြားပေးလှူနိုင်မှ၊ လုပ်အားအချိန်တွေ အများအပြားပေးလှူနိုင်မှ မဟုတ်ပါဘူး။ သူတစ်ပါးအကျိုးအတွက် လိုအပ်နေတဲ့ ကိစ္စကြီးငယ်မဆို တတ်စွမ်းသမျှ ဖေးမကူညီတာဟာလည်း ပရဟိတလုပ်တာပါပဲ။ ပရဟိတစိတ်လေးအရင်းခံရှိရုံနဲ့ လူမှုဝန်းကျင်မှာ လိုအပ်နေတဲ့ ကွက်လပ်လေးတွေကို အားဖြည့်ကူညီနိုင်မှာ ဖြစ်ပါတယ်။

ပရဟိတလုပ်ကိုင်သူတွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံ ကိုယ်စိတ်နှလုံး သုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့မှုတွေနဲ့ အချိန်အား၊ ငွေအား၊ လူအားတို့ကို လှို့လစိုက်ထုတ်ပေးဆပ်သူတွေဖြစ်ပါတယ်။ မိမိတို့ရဲ့ အသက်ကိုပင် မငဲ့ကွက်ဘဲ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ အားကြိုးမာန်တက် ပါဝင်လုပ်ကိုင်နေကြတာဟာလည်း အလွန်ပင်လေးစားဖို့ကောင်းပါတယ်။ မြန်မာလူမျိုးတွေရဲ့ ပင်ကိုစိတ်ရင်းအခံက ပရဟိတစိတ်တွေ ကိန်းအောင်းနေပြီး သူတစ်ပါးအကျိုးစီးပွားကို ရိုင်းပင်းကူညီကြကာ ကောင်းမှုကုသိုလ်တွေကိုလည်း တတ်အားသရွေ့ ပြုလုပ်သူတွေဖြစ်ပါတယ်။ ကမ္ဘာမှာ မြန်မာနိုင်ငံဟာ ပေးကမ်းစွန့်ကြဲမှု အများဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံထားရတဲ့ မှတ်တမ်းလည်း ရှိပြီးဖြစ်ပါတယ်။

လောကမှာ လူတို့ရဲ့ အကျိုးပြုမှု၊ မပြုမှုတို့ကို “မိမိကိုယ်ကျိုးတစ်ခုတည်းကိုသာ ပြုလုပ်သူ၊ အခြားသူ၏ အကျိုးကိုသာပြုလုပ်သူ၊ မိမိကိုယ်ကျိုးလည်း မပြု၊ အများအကျိုးကိုလည်း မပြုသူနဲ့ မိမိကိုယ်ကျိုးလည်းပြုပြီး အများအကျိုးလည်း ပြုလုပ်သူ”ဟူ၍ ဓမ္မစာပေတွေမှာ ရေးသားဖော်ပြထားသလို ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသကလည်း ဟောကြားဆုံးမညွှန်ပြထားပါတယ်။

## နောင်သံသရာခရီးအတွက် ကောင်းတဲ့အကျိုးတွေကို ခံစားရမှာပါ

ကံဟာ အလုပ်ဟုဆိုထားရာ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးစလုံးကို ကုသိုလ်ဖြစ်စေတဲ့ အလုပ်တွေပြုလုပ်စေခြင်းဖြင့် အခုဘဝမှာရော နောင်သံသရာခရီးအတွက်ပါ ကောင်းတဲ့အကျိုးတွေကို ခံစားရမှာပါ။ မိမိရဲ့အကျိုးကို မမျှော်ကိုးဘဲ ဥစ္စာပစ္စည်း ပေးကမ်းစွန့်ကြဲ၊ အသက်ကို ပဓာနမထား စွန့်လွှတ်စွန့်စားပေးဆပ်ကူညီသူတွေဟာ ပရဟိတစိတ်အပြည့်နဲ့ ကိုယ့်ရဲ့အလုပ်ကို စွမ်းစွမ်းတမံ ကြိုးစားလုပ်ဆောင်နေသလို ကုသိုလ်ဖြစ်စေတဲ့ ကံသုံးပါးကလည်း အရိပ်ပမာ လိုက်ပါနေမှာပါ။

ကမ္ဘာ့နိုင်ငံတွေမှာလည်း လူမှုအဖွဲ့အစည်းအမျိုးမျိုးနဲ့ ပရဟိတလုပ်ငန်းတွေ လုပ်ဆောင်နေသလို မြန်မာနိုင်ငံမှာလည်း နာဂစ်မုန်တိုင်းဒဏ်ခံရပြီးနောက်ပိုင်းကာလတွေမှာ ပရဟိတအဖွဲ့အစည်းတွေ ပိုမိုအားကောင်းလာပြီး လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ အခုလည်း ရေဘေးကြုံတွေ့ခဲ့ကြရတဲ့ ပြည်သူတွေရဲ့ဒုက္ခတွေကို မျှဝေယူမယ့် ပရဟိတသမားတွေဟာ မိမိအသက်ကို ပဓာနမထားဘဲ ကူညီကယ်ဆယ်သူက ကယ်ဆယ်၊ ယာယီနေစရာစီစဉ်ပေးသူက စီစဉ်၊ အစားအသောက်ဝေငှသူက ဝေငှ၊ လူမှုကွန်ရက် စာမျက်နှာတွေကနေတစ်ဆင့် သတင်းစကား မျှဝေသူကမျှဝေနဲ့ သဘာဝဘေးအန္တရာယ်ကြောင့် သေကျေပျက်စီးဆုံးရှုံးခဲ့ရတဲ့ အနိဋ္ဌာရုံမြင်ကွင်းကနေ ကြည်နူးဖွယ်မြင်ကွင်းကို ပြောင်းလဲပေးလိုက်နိုင်တာက ပရဟိတစိတ် လွှမ်းခြုံပြည့်နှက်နေတဲ့ နှလုံးလှပိုင်ရှင်လေးများဟု ဆိုရမှာပါ။

သဘာဝဘေးဆိုတာ မထင်မှတ်တဲ့နေရာ၊ အချိန်တွေမှာ ကျရောက်နိုင်တယ်ဆိုပေမယ့် မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ သတိပေးချက်တွေကို သိရှိလိုက်နာ ဆောင်ရွက်နေထိုင်မယ်ဆိုရင် ဘေးအန္တရာယ်ဖြစ်ပေါ်မှုအပေါ်မူတည်ပြီး အနည်းနဲ့အများတော့ ဆုံးရှုံးမှုတွေ လျော့နည်းစေမှာပဲဖြစ်ပါတယ်။ မြစ်ချောင်းအင်းအိုင်နဲ့ နီးတဲ့ဒေသတွေမှာ အန္တရာယ်ဖြစ်ပေါ်နိုင်မှုနှုန်း ရာခိုင်နှုန်း ပိုများတဲ့အတွက် ဧရာဝတီတိုင်းဒေသကြီးလို မြစ်ကမ်းနဲ့နီးတဲ့ဒေသတွေကသာ မြစ်ရေသတိပေးချက်



စက်တင်ဘာ ၁၁ ရက်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်ပွားသည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ခဲရာခဲဆစ် ကူညီကယ်ဆယ်ရေးဆောင်ရွက်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ– MFSD

သတိပေးခေါင်းလောင်းသံကို နားစွင့်သတိပြုနေထိုင်သူများမယ်လို့ ဆိုရမှာပါ။ အထူးသဖြင့် ဒေသခံပြည်သူတွေအနေနဲ့ နာဂစ်ရဲ့သင်ခန်းစာကို သတိပြုဆင်ခြင်မှုတွေကြောင့် မိုခါမုန်တိုင်းမှာဆိုရင် အပျက်အစီးအဆုံးအရှုံးအနည်းဆုံးနဲ့ သဘာဝဘေးအန္တရာယ်ကို အစိုးရ၊ ပြည်သူတွေ၊ ပရဟိတအဖွဲ့အစည်းတွေရဲ့ စုစည်းညီညွတ်မှုအားနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ပြုလုပ်နိုင်ခဲ့ကြပါတယ်။

## သဘာဝဘေးအန္တရာယ်ကို သတိပြု

သဘာဝဘေးအန္တရာယ်ကို သတိထားဖို့အနေနဲ့ကတော့ မိုးလေဝသသတိပေးချက်တွေ၊ မုန်တိုင်းသတိပေးချက် စတဲ့ထုတ်ပြန်ချက်တွေအပြင် မုန်တိုင်းရဲ့ နောက်ဆက်တွဲဖြစ်ပေါ်စေနိုင်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် အသိပေးချက်တွေကို နိုင်ငံပိုင်သတင်းစာတွေနဲ့ သက်ဆိုင်ရာလူမှုကွန်ရက်စာမျက်နှာတွေမှာ ထုတ်ပြန်ကြေညာပေးလျက်ရှိပါတယ်။ အခုလို သတိပေးချက်တွေ၊ ထုတ်ပြန်ချက်တွေကို သိရှိနေသော်ငြား မြစ်နဲ့ဝေးတဲ့ဒေသတွေ၊ ချောင်းငယ်လေးတွေလောက်တော့ မပြောပလောက်ပါဘူးဆိုတဲ့ အတွေးတွေကို အခုဖြစ်ပေါ်ခဲ့တဲ့ ဘေးအန္တရာယ်ကနေ သက်သေပြလိုက်ပါပြီ။ နေရာမရွေး သဘာဝဘေးအန္တရာယ်ကျရောက်စေနိုင်တယ်ဆိုတဲ့ သတိပေးခေါင်းလောင်းထိုးလိုက်တာဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်လာမှုနဲ့အတူ မုန်တိုင်းအန္တရာယ်နဲ့ သဘာဝဘေးဒဏ်ကို မိမိတို့တစ်နိုင်ငံတည်းသာမကပဲ တစ်ကမ္ဘာလုံးခံစားလာနေကြရတာပါ။ သဘာဝဘေးဒဏ်တွေလျော့ပါးသက်သာဖို့ဆိုရင် သတိပေးကြေညာချက်တွေကို သိရှိလိုက်နာသတိပြုဆောင်ရွက်ကြစေလိုပါတယ်။

သဘာဝဘေးဖြစ်ပြီးတဲ့နောက် ကောင်းတဲ့အကျိုးဆက်တွေကတော့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားတဲ့ မုန်တိုင်းသတိပေးချက်တွေကို လူမှုကွန်ရက်ပေါ်မှာ လူအများသိရှိနိုင်ရေး မျှဝေဖတ်ရှုလေ့လာမှုတွေ၊ သတိပြုရှောင်ကြဉ်ကြရမယ့်နည်းလမ်းနဲ့ အခြားသောအသိပညာတွေ မျှဝေလာတာကို အများအပြားတွေ့လာရပါတယ်။ ဖြစ်ပေါ်လာတဲ့ အန္တရာယ်ဘေးဒုက္ခတွေကို တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီရင်း အစုအဖွဲ့အလိုက် ချိတ်ဆက်မှုတွေ အားကောင်းလာရာမှ ပိုမိုကောင်းမွန်တဲ့ လူမှုဝန်းကျင်ကို ဖြစ်စေတဲ့ ပရဟိတသမားတွေစုစည်းထားတဲ့ ရပ်ဝန်းကြီးတစ်ခုလုံးကို တည်ထောင်လာနိုင်ပါလိမ့်မယ်။

သဘာဝဘေးဖြစ်လာရင် ကူညီကယ်ဆယ်နေကြသူတွေဖြစ်တဲ့ ရဟန်းသံဃာတော်တွေ၊ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်နဲ့ NGO ၊ INGO အဖွဲ့အစည်းတွေအပြင် စေတနာရှင်အလှူရှင် ပြည်သူတွေအနေနဲ့ ဆင်းရဲချမ်းသာမရွေး၊ အဖြူအမည်းမခွဲခြားဘဲ ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေကြတာဟာ နိုင်ငံတော်အစိုးရရဲ့ အင်အားတွေ ပိုမိုအားကောင်းခိုင်မာစေတယ်လို့ ဆိုချင်ပါတယ်။

သို့ရာမှာ ပရဟိတလုပ်ငန်းဟုဆိုကာ မိမိကိုယ်ကျိုးစီးပွားအတွက် ဦးစားပေးလုပ်ဆောင်မသွားဖို့နဲ့ အတ္တနဲ့ပရခွဲခြားဖို့တော့ လိုပါလိမ့်မယ်။ သူ့ထက်ငါ စေတနာသဒ္ဓါတရားထက်သန်စွာ တတ်စွမ်းသမျှဝိုင်းဝန်းကူညီနေကြချိန်မှာ အတ္တဟိတသမားအချို့ရဲ့ မီးလောင်ရာလေပင့်စေတဲ့ အပြုအမူလုပ်ဆောင်မှုတွေကို သတိရှိဖို့တော့ လိုအပ်ပါတယ်။ သောကတွေ၊ စိုးရိမ်စိတ်တွေနဲ့ ကူကယ်ရာမဲ့နေသူတွေကို ထပ်ပြီးတော့ ကောလာဟလသတင်းတွေ၊ မဟုတ်မမှန်သတင်းတွေကို ရောယောင်ပြီး မဖြန့်ဝေမိဖို့၊ မယုံကြည်မိဖို့ သတိပြုစေချင်ပါတယ်။ နောက်တစ်ခုက ဝိသမလောဘသမားအချို့ရဲ့ ကုန်ဈေးနှုန်းကြီးမြင့်ဈေးကစားမှုတွေပါပဲ။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲတွေကြောင့်၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုတွေကြောင့် ဈေးနှုန်းတွေတက်တာက အခြေအနေ၊ အချိန်အခါအရဆိုပေမယ့် မိမိရဲ့အတ္တကြောင့်တော့ ဈေးကစားခြင်း၊ ဈေးတင်ရောင်းချခြင်းမျိုး မဖြစ်သင့်ဘဲ အတ္တနဲ့ပရ မျှတစွာ စီးပွားရှာကြပါစေလို့ တိုက်တွန်းချင်ပါတယ်။

ပိုမိုကောင်းမွန်ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးတည်ဆောက်နိုင်ဖို့ဆိုရင် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မာသာထရေဇာနဲ့ လူ့အသက်ပေါင်းများစွာကို ကယ်တင်ခဲ့တဲ့ သူနာပြုဆရာမလေး ဖလောရင့်နိုက်တင်ဂေးလ်တို့လို မဟာကရုဏာရှင်တွေ လူမှုဝန်းကျင်မှာ အမြောက်အမြားပေါ်ထွန်းလာစေဖို့နဲ့ ထိုပုဂ္ဂိုလ်တွေကို အားကျအတုယူစေမယ့် နောင်လာနောက်သား မျိုးဆက်သစ်လူငယ်တွေ များစွာပေါ်ထွန်းလာဖို့လိုအပ်ပါတယ်။ ထိုသို့ ပေါ်ထွန်းစေဖို့ဆိုရင် မိဘဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှုတွေနဲ့ ကလေးသူငယ်တွေရဲ့ စိတ်ထားလေးတွေ နူးညံ့သိမ်မွေ့ကာ ပရဟိတစိတ်ထားလေးတွေ မွေးမြူကိန်းအောင်းလာစေမှာ ဖြစ်ပါတယ်။

အခုလိုမွန်မြတ်တဲ့ ပရဟိတစိတ်ထားတွေ တစ်ဦးမှ တစ်ဖွဲ့၊ တစ်ဖွဲ့မှ တစ်နိုင်ငံ၊ တစ်ကမ္ဘာလုံး လွှမ်းခြုံကိန်းအောင်းလာပါက ပိုမိုအေးချမ်းသာယာတဲ့ ကမ္ဘာကြီးအဖြစ် ပုံဖော်လာနိုင်မယ်လို့ ယုံကြည်မိပါတယ်။ ။

> “ကံဟာ အလုပ်ဟုဆိုထားရာ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးစလုံးကို ကုသိုလ်ဖြစ်စေတဲ့ အလုပ်တွေပြုလုပ်စေခြင်းဖြင့် အခုဘဝမှာရော နောင်သံသရာခရီးအတွက်ပါ ကောင်းတဲ့အကျိုးတွေကို ခံစားရမှာပါ။ မိမိရဲ့အကျိုးကို မမျှော်ကိုးဘဲ ဥစ္စာပစ္စည်း ပေးကမ်းစွန့်ကြဲ၊ အသက်ကို ပဓာနမထား စွန့်လွှတ်စွန့်စားပေးဆပ်ကူညီသူတွေဟာ ပရဟိတစိတ်အပြည့်နဲ့ ကိုယ့်ရဲ့အလုပ်ကို စွမ်းစွမ်းတမံ ကြိုးစားလုပ်ဆောင်နေသလို ကုသိုလ်ဖြစ်စေတဲ့ ကံသုံးပါးကလည်း အရိပ်ပမာ လိုက်ပါနေမှာပါ”

## ဖခင်အမည်မှန်

ဦးမျိုးမင်းထက် ၁၂/အစန (နိုင်) ၁၉၁၇၈၂ ၏ ဖခင်အမည်မှန်မှာ ဦးမြို့အောင် ၈/မမန (နိုင်)၀၁၃၄၇၅ ဖြစ်ပါကြောင်း။

**ဦးမြို့အောင်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးရဲဝင့်ဟိန်း ၈/သရန(နိုင်)၀၇၇၆၃၄ ၏ ပတ်စ်ပို့နံပါတ် (M-790124) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၃၃၁၀၂၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ ရယ်ဘက်ခါ ၁၃/လရန (နိုင်)၁၃၀၃၁၁၏ ပတ်စ်ပို့နံပါတ် (M-757755)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၃၃၁၀၂၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/ 28071 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ငြိမ်း ၉/ပဘန(နိုင်)၁၉၁၄၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/ 41016 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၉/ပဘန(နိုင်)၁၄၀၅၃၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/ 19967 Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်ဦး ၇/ရတရ(နိုင်)၀၇၃၂၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၀-၂၀၂၄ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၉)ပါ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ(၄)ရပ်ကွက်၊ မြေကွက်အမှတ်(၁၈၁+၁၈၂) မြေကွက်များနှင့်ပတ်သက်၍ အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း ကြော်ငြာတွင် ဦးမင်းမင်းထိုက် အစား ဦးမင်းမင်းသိုက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် အထောက်အပံ့ပေးရန်အတွက် လိုအပ်သော လူသားခြင်းစာနာထောက်ထားမှု ဆိုင်ရာပစ္စည်းများကို ရန်ကုန်သိုလှောင်ရုံမှ စစ်တွေသိုလှောင်ရုံသို့ ပို့ဆောင်ရန်အတွက် အိတ်ပိတ်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။

| | | |
|---|---|---|
| **တင်ဒါပုံစံများထုတ်ယူရမည့် အချိန်နှင့်ရက်** | - | ၇-၁၀-၂၀၂၄ ရက်၊ နံနက် (၁၀) နာရီမှ ညနေ (၄) နာရီအထိ |
| **တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူရမည့်အချိန်နှင့်ရက်** | - | ၁၁-၁၀-၂၀၂၄ ရက်၊ နံနက် (၁၀) နာရီမှ ညနေ (၄) နာရီအထိ |
| **တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်အချိန်နှင့်ရက်** | - | ၁၄-၁၀-၂၀၂၄ ရက်၊ နံနက် (၁၀) နာရီမှ ညနေ (၄) နာရီအထိ |
| **တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာ** | - | မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုဌာန၊ အမှတ်-၄၂၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်လုပ်ငန်းများအသေးစိတ်ကို သိရှိရန် ဖုန်း- ၀၁-၈၃၉၂၀၂၈၊ ၈၃၉၂၀၂၉၊ ၈၃၉၂၀၃၀ (လိုင်းခွဲ-၁၁၉)၊ ဦးလှမျိုးကျော် - ၀၉-၇၉၈၈၉၆၅၁၅ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂) မြေကွက်အမှတ်(၈)၊ မြေအမျိုးအစား(ဘီ) အိမ်ရာ မြေ၊ ဧရိယာ၀ ဒသမ ၃၅၀ ဧကရှိ မြေကွက်(တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၀)ဟု ခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ အမည်ပေါက်ပိုင်ရှင်များမှ တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွှတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအား အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း ဝယ်ယူရန်အတွက် သဘောတူညီပြီး "မြေကွက်သက်သက် အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ စရန်ငွေပေးကတိစာချုပ်" ကို ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်သော မြေကွက်၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း/စာရွက်စာတမ်း အထောက်အထား (မူရင်း)များအား ယူဆောင်ကာ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးသီတာမော် (LL.B , D.B.L)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၂၉/၁၂)**
**အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွှကုန်းလမ်းထောင့်၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ သဃ်န်းကျွန်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၂)၊ ဦးပိုင်အမှတ် (၆၈)၊ ၆၈ x ၆၉လမ်းကြား၊ ၁၃၂ x ၁၃၃ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်ဖေ၏(SPရရှိသူဦးအောင်နိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၆၀၁/၂၀၂၁) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှလှဝင်း ၉/မခန(နိုင်)၁၉၀၆၆၇ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၃၉၀၆/၂၀၂၄-၂၀၂၅ ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
